# အသုံးစားရိတ် မူဂါဒ ပိုင်းခြားသုံးသပ်ရေး မူဘောင်

## (Framework for Analysis of Expenditure Policy)

အမေရိကန် စီးပွါးရေး ရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတွေ ကို ပြောင်းလဲဖို့ ခေါ်သံတွေ အနည်းဆုံး အားဖြင့်တော့ ၁၉၉၀ ခုနှစ်များ အစပိုင်းကစပြီး၊ ရှိခဲ့ပါတယ်။ အဲဒီ အပိုင်းတွေကတော့ ကျန်းမာရေး စောင့်ရှောက်မှု နဲ့ ပညာရေး စနစ်တွေ၊ လူမှုဖူလုံရေး နဲ့ သက်သာချောင်ချိရေးဆိုင်ရာ အဓိကကျတဲ့ ပြုပြင်ပြောင်းလဲရေးတွေ၊ ကာကွယ်ရေး လို တချို့အစီအစဉ်တွေ ဖြတ်တောက်ရေးတွေ၊ နည်းပညာအသစ် ဖြ ဖြစ်ပေါ်တိုးတက်ရေးလို တခြားနယ်ပယ်တွေ ကို ချဲ့ထွင်ရေးတွေ ပြောကြပါတယ်။ အဲဒီလို မူဂါဒတွေအကြောင်း စနစ်တကျ စဉ်းစားနိုင်ရေးအတွက် ဒီ အခန်းက မူဘောင်တစ်ရပ် ကို တင်ပြမှာပါ။ မေးဖို့ လိုအပ်တဲ့ မေးခွန်းတွေ နဲ့ အဲဒီမေးခွန်းတွေ ကို ဖြေဆိုနိုင်အောင် ကူညီမယ့် နည်းလမ်းတွေ ကို ပြောမှာပါ။

တဖြည်းဖြည်း ပိုလို့ ရှုပ်ထွေးလာတဲ့ ကိစ္စရပ်တွေ ကို ကိုင်တွယ်ရာမှာ မူဂါဒ ချမှတ်သူတွေအတွက် မူဘောင်တစ်ရပ် လိုနေပါတယ်။ တကယ်တော့ အစိုးရ ရဲ့ အစီအစဉ်အများစုကြီး က တော်တော်ကြီး ရှုပ်ထွေးလာတာကြောင့် (အောက်လွှတ်တော် က ချထားပေးလိုက်တဲ့ လမ်းညွှန်ချက်တွေ အတွင်းထဲကနေ) အစိုးရ က အသေးစိတ်လုပ်ငန်း အများစု ကို တာဝန်ယူ ကိုင်တွယ်လုပ်ဆောင်ဖို့ အောက်လွှတ်တော် ကပဲ လုပ်ပိုင်ခွင့်အာဏာ လွှဲပေးလိုက်ပါတယ်။ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း (rule making) ဖြစ်စဉ်မှာ (ပတ်ဝန်းကျင် ကာကွယ်ရေး ဌာန၊ ဒါမှမဟုတ် သယ်ယူပို့ဆောင်ရေး ဌာန) လို အစိုးရ ဌာနတွေကနေ အသေးစိတ် ကို တင်ပြပြီး၊ ပြည်သူလူထု က သူတို့ ထင်မြင်ချက်တွေ ပေးဖို့ အချိန်ပေးထားပါတယ်။ သမ္မတရုံးအတွင်း က စီမံခန့်ခွဲမှု နဲ့ ဘတ်ဂျက်ရုံး (Office of Management and Budget – OMB) ကလည်း အဲဒီ ဖြစ်စဉ် ကို ဘယ်လို ဆောင်ရွက်ရမယ် ဆိုတဲ့ လမ်းညွှန်ချက် ချထားပေးပါတယ်။ ဒီ အခန်းမှာ ဆွေးနွေးမယ့် မူဘောင် က OMB လမ်းညွှန်ချက် ကို နီးနီးစပ်စပ် ထင်ဟပ်နေတာပါ။ အခန်း ၃ နဲ့ အခန်း ၇ တွေ မှာ တင်ပြခဲ့တဲ့ တွက်ခြေကိုက်ခြင်း နဲ့ တန်းတူ မျှတခြင်း ဆိုင်ရာ စံ ပေတံ (Efficiency & Equity Criteria) တွေ ကို လက်တွေ့အသုံးချဖို့ ဒီအခန်းမှာ ပြောတဲ့ မူဘောင် က လမ်းညွှန်ချက်တွေ ပေးပါလိမ့်မယ်။ ပြဿနာတွေအားလုံး ကို အကန်းဖြေရှင်းသလို ဖြေရှင်းနိုင်အောင်တော့ ဒီ မူဘောင် က ရိုးရှင်းတဲ့ ပုံသေနည်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ စဉ်းစားသင့် စဉ်းစားထိုက်တဲ့ စာရင်းတော့ ဖြစ်ပါလို့မ်မယ်။ တချို့အချက်တွေ က အစိုးရ ရဲ့ တစုံတရာသော အစီအစဉ်တွေ က တခြား အစီအစဉ်တွေထက် ပို စပ်ဆိုင်ကောင်း စပ်ဆိုင်နေပါလိမ့်မယ်။ ကျွန်တော်တို့ စိတ်ဝင်တစား ချပြလိုတဲ့ မေးခွန်းမျိုးတွေ က ဒီလိုပါ။

- ဘာကြောင့် အစိုးရ အစီအစဉ် က ရှေ့ဆုံးမှာ ထားရမှာလဲ။
- ဘာကြောင့် အစိုးရ အစီအစဉ် က ခုလို ပုံစံမျိုး ဖြစ်နေရတာလဲ။
- ဘယ်လိုများ အစိုးရ ရဲ့ အစီအစဉ် က ပုဂ္ဂလိက ကဏ္ဍ အပေါ် သက်ရောက်ပါမလဲ။

- အစိုးရ ရဲ့ အစီအစဉ်ကြောင့် ဘယ်သူတွေ ရကြပြီး၊ ဘယ်သူတွေ ဆုံးရှုံးသွားကြမှာပါလဲ။ ရမှာ က ဆုံးရှုံးမှာထက် ကြီးမားပါရဲ့လား။
- အစိုးရ ရဲ့ လက်ရှိ အစီအစဉ်ထက် ပိုကောင်းတဲ့ တမူကွဲ အစီအစဉ်တွေကော မရှိဘူးလား။ (ဆိုလိုတာ က ဘယ်သူ့ကိုမှလည်း ဆိုးကျိုးသက်ရောက်မှု မရှိစေဘဲ၊ တချို့သော သူတွေ ကို ပိုကောင်းစေမယ့် အစီအစဉ်မျိုး မရှိဘူးလား။ ဒါ ကို ပရီတို Pareto တိုးတက်မှု မူ လို့ ခေါ်ပါတယ်။) တချိန်တည်းမှာပဲ အစီအစဉ် ရဲ့ မူလဘူတ ရည်မှန်းချက်တွေ ကိုလည်း ဖြည့်ဆည်းနိုင်ပြီး၊ မတူခြားနားတဲ့ ခွဲဖြန့်ပုံ အကျိုးဆက် (different distributional consequences) လည်း ရှိတဲ့ တမူကွဲ အစီအစဉ်တွေကော ရှိသလား။ အဲဒီလို တမူကွဲ အစီအစဉ်တွေ ကို မိတ်ဆက်ဖို့အတွက် အတားအဆီး ဖြစ်နေတာတွေ က ဘာတွေပါလဲ။

ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲမှု အတွက် ပိုင်းခြားသုံးသပ်ရာ မှာ ခြေလှမ်း ၁၀ လှမ်း အဖြစ် ကျွန်တော်တို့ စ ခွဲကြည့်ပါမယ်။ (၁) အစီအစဉ် ရဲ့ လိုအပ်မှု (၂) အစီအစဉ် က ကိုင်တွယ်ထားတဲ့ ဈေးကွက် ကျရှုံးမှု (market failures) (၃) လက်ရှိအစီအစဉ် နဲ့ တမူကွဲတဲ့ အစီအစဉ်များ (၄) အစီအစဉ် ကို ရေးဆွဲထားတဲ့ သီးသန့်လက္ခဏာရပ်များ (၅) ပုဂ္ဂလိက ကဏ္ဍ တုံ့ပြန်မှုများ (၆) ထွက်ခြေကိုက်မှု အကျိုးဆက်များ (efficiency consequences) (၇) ခွဲဖြန့်ပုံဆိုင်ရာ အကျိုးဆက်များ (distributional consequences) (၈) မျှတမှု - ထွက်ခြေကိုက်မှု ဆိုင်ရာ အလျှော့အတင်း (equity-efficiency trade-offs) (၉) အများပြည်သူဆိုင်ရာ မူဝါဒ ရည်မှန်းချက်များ နဲ့ (၁၀) နိုင်ငံရေး ဖြစ်စဉ် တို့ ဖြစ်ပါတယ်။

**အစီအစဉ် လိုအပ်သလား** (Need for a program)

အများပြည်သူ နဲ့ ဆိုင်တဲ့ အစီအစဉ်တွေ ကို ပိုင်းခြား သုံးသပ်ရာမှာ အစီအစဉ် ဖြစ်လာတဲ့ သမိုင်းကြောင်း နဲ့ ဖြစ်လာရတဲ့ ဆက်စပ် အခြေအနေ ကို စစ်ဆေးကြည့်ရှုခြင်း နဲ့ စတာ က အသုံးကျတတ်ပါတယ်။ ဒီ အစီအစဉ် ဖြစ်လာဖို့ လုပ်လာတဲ့ သူတွေ ဒါမှမဟုတ် အဖွဲ့တွေ၊ အုပ်စုတွေ က ဘယ်သူတွေလဲ။ အစီအစဉ် ကိုင်တွယ်ဖြေရှင်းပေးဖို့ လိုအပ်တယ် ဆိုတဲ့ လိုအပ်မှု ထင်မြင်ချက်တွေ က ဘာတွေလဲ။

ဥပမာအားဖြင့် အမေရိကန် နိုင်ငံမှာ လူမှုဂန်ထမ်း အစီအစဉ် (social security program) ဆိုင်ရာ ဥပဒေကြမ်း ကို ၁၉၃၅ မှာ ပြဌာန်းခဲ့ပါတယ်။ အဲဒီ အချိန်တုံး က အမေရိကန် ဟာ မဟာစီးပွါးပျက်ကပ် (Great Depression) ကြီး နဲ့ ရင်ဆိုင်နေရတာပါ။ အဲဒီ အချိန်ထိ၊ ကိုယ့်ဂန်ထမ်းတွေအတွက် လုံလောက်တဲ့ ပင်စင် ကို ပေးတဲ့ အလုပ်ရှင် က နည်းနည်းပဲ ရှိတာပါ။ (လူတွေ ဘယ်လောက် အသက်ရှည်ရှည်နေနေ သေတဲ့ အထိ နှစ်စဉ် ဂင်ငွေရရှိအောင် လုပ်ပေးတဲ့ အာမခံမူဂါဒ နဲ့ ပတ်သက်တဲ့) အာမခံ ရံပုံငွေ ပုဂ္ဂလိက ဈေးကွက် က မဖွံ့ဖြိုးလှသေးပါဘူး။ လူတော်တော်များများ ကလည်း သူတို့ အငြိမ်းစား ယူတဲ့အချိန်အတွက် လုံလုံလောက်လောက် မစုဆောင်းနိုင်ကြပါဘူး။ စုတဲ့သူတွေကျတော့လည်း ၁၉၂၉ မှာ စတော့ဈေးကွက် ပြိုသွားတဲ့အခါ သူတို့ စုထားသမျှ ပါသွားကြပါလေရော။ ခုချိန် မှာ ထင်မြင်သလို အဲဒီတုံး က စဉ်းစဉ်းစားစား

မရှိဘူး၊ အနာဂတ်အတွက် ပြင်ပြင်ဆင်ဆင် မရှိဘူး လို့တော့ အဲဒီတုံး က လုံလုံလောက်လောက် စုစုဆောင်းဆောင်း မရှိနိုင်တာ ကို ပြောလို့ မရပါဘူး။ အဲဒီ အချိန်တွေတုံးကတော့ လူတွေ က သေတဲ့အထိ အလုပ် ဆက်လုပ်ကြရတာကိုး။ သူတို့ ကွယ်လွန်သွားပြီ ဆိုရင် မိသားစုအတွက် ချန်ထားနိုင်မယ့် အသက်အာမခံတော့ သူတို့ လိုကြပါတယ်။ ဒါပေမဲ့ သူတို့ ကိုယ်တိုင်အတွက်တော့ ပင်စင် က မလိုပြန်ဘူး။ မဟာစီးပွါးပျက်ကပ်ဆိုက်တဲ့အခါ၊ လူတွေတော်တော်များများ အလုပ်တွေ ဆုံးရှုံးကုန်ကြတော့တာပေ့ါ။ ပြီးတော့ အလုပ်လက်မဲ့ အာမခံ (unemployment insurance) လည်း မရှိပါဘူး။ သူတို့တွေ အတွက် လူ့အဖွဲ့အစည်း က တစုံတရာ ပေးသင့်တယ်လို့ ကျယ်ကျယ်ပြန့်ပြန့် ခံစားလာကြပါတယ်။ အဲဒီ အချိန်မှာ ကြုံရတဲ့ ပြဿနာ ကို ရှင်းလိုက်တာထက် စနစ်တကျ လုပ်တဲ့ အခြေခံပေါ်ကနေ ပေးတာမျိုး ကို ပိုလိုလားခဲ့ ကြပါတယ်။

ဈေးကွက် ကျဆုံးမှုများ (Market Failures)

အများပြည်သူဆိုင်ရာ အစီအစဉ်တွေ အတွက် ပိုင်းခြား သုံးသပ်ရာမှာ ဒုတိယ ခြေလှမ်းကတော့ အစီအစဉ် ရဲ့ ဂယ်လိုအား အရင်းအမြစ်ဖြစ်တဲ့ လိုအပ်ချက် နဲ့ အခန်း ၄ မှာ ဆွေးနွေးခဲ့တဲ့ ဈေးကွက် ကျဆုံးမှုတွေ ကို ဆက်စပ်ကြည့်တာပဲ ဖြစ်ပါတယ်။ စင်းလုံးချော မဟုတ်တဲ့ ပြိုင်ဆိုင်မှု (imperfect competition)၊ အများပြည်သူ အသုံးပြုတဲ့ ပစ္စည်း/ ဂန်ဆောင်မှု (public goods)၊ ပြင်ပ အကြောင်းအချက်များ (externalities)၊ မပြည့်စုံတဲ့ ဈေးကွက် (incomplete markets)၊ မပြည့်မစုံ သတင်းအချက်အလက် (imperfect information)၊ နဲ့ မက္ကရို စီးပွါးရေး သဘောအရ ဟန်ချက်ပျက်ယွင်းမှု (macroeconomic disequilibrium) စတဲ့ အကြောင်းတွေ က ဈေးကွက် ကျဆုံးမှုတွေ ရဲ့ အကြောင်းတွေကိုး။ ဒ့ါအပြင် အခန်း ၄ မှာ ဖော်ပြ ကျွန်တော်တို့ တွေ့ခဲ့တဲ့အတိုင်း၊ စီးပွါးရေး က ပရီတို သဘောအရ စိုက်ထုတ်ရကျိုးနပ် (Pareto efficient) တယ်ဆိုရင်တောင် အစိုးရ က ဂင်ရောက်ဆောင်ရွက်ဖို့ အတွက် အကြောင်း ၂ ချက် ရှိပါသေးတယ်။ ပထမ .. ဈေးကွက် စီးပွါးရေး အရ ထွက်ပေါ်လာတဲ့ ဂင်ငွေ ခွဲဖြန့်ပုံ က လူမှု သဘောအရ မျှတကောင်းမှ မျှတမှာပါ။ ဒုတိယ .. သက်သာချောင်ချိရေးဆိုင်ရာ ဆုံးဖြတ်သတ်မှာရာ မှာ တိုင်းတာတဲ့ စံပေတံ က လူတစ်ယောက်ချင်း က သူ့ရဲ့ သက်သာချောင်ချိရေး အတွက် ထင်မြင်ယူဆချက်တွေ နဲ့ သင့်လျော်ချင်မှ သင့်လျော်မှာ ဖြစ်သလို၊ လုံလောက်တဲ့ စံပေတံ ဖြစ်ချင်မှလည်း ဖြစ်ပါလိမ့်မယ်။ အစိုးရ က အားပေးသင့်တဲ့ တစ်ဦးချင်း ယူဆပုံ ကောင်းတာတွေ ရှိသလို အစိုးရ က အားမပေးသင့် တားမြစ်သင့်တဲ့ တစ်ဦးချင်း ယူဆပုံ ဆိုးတာတွေလည်း ရှိနိုင်ပါတယ်။

တချို့ ကိစ္စတွေမှာတော့ ဈေးကွက် ကျဆုံးမှု သဘောသဘာဂ က သိသာပါတယ်။ တမျိုးသားလုံးဆိုင်ရာ ကာကွယ်ရေး ကိစ္စ ဟာ အများပြည်သူ နဲ့ သက်ဆိုင်ပြီး၊ အစိုးရ လုပ်ရမယ့် အရာတစ်ရပ် ဖြစ်ပါတယ်။ အစိုးရ က သာ မလုပ်ဘူးဆိုရင်၊ အဲဒီလို အရာတွေ ကို အမြဲ လိုနေမှာပါ။ တခြား ကိစ္စတွေ မှာတော့ အဖြေတွေ က သိပ်ကြီး မသိသာလှပါဘူး။ ဈေးကွက် ကျဆုံးမှု သဘောသဘာဂ နဲ့ ပတ်သက်လို့ စီးပွါးရေး ပညာရှင်တွေ

ကလည်း သဘောတူချင်မှ တူကြမှာပါ။  ဥပမာ ပညာရေး ဟာ အများပြည် နဲ့ သက်ဆိုင်တဲ့ အစိုးရ လုပ်ရမယ့် အရာ လို့ တချို့ စီးပွါးရေး ပညာရှင်တွေ က ယုံကြည်ကြပေါ်တာပေါ့။  ဒါပေမဲ့ တချို့ စီးပွါးရေး ပညာရှင်တွေကတော့ (အခန်း ၅ မှာ အဓိပ္ပါယ် ဖွင့်ဆိုခဲ့သလိုပဲ နည်းပညာပိုင်း သဘောအရ) ပညာရေး က ပုဂ္ဂလိက လုပ်ရမယ့် ကိစ္စ လို့ ငြင်းခုန်ကြမှာပေါ့။  အစိုးရ က လုပ်ရမယ် ဆိုတဲ့ ရှင်းလင်းချက်  ကို တစ်နေရာရာ မှာ ရှာကြရမှာပါ။  ဥပမာ အရင်းဈေးကွက် မပြည့်စုံ (Capital Market Imperfections)*၊ အစိုးရ က ပံ့ပိုးလုပ်ဆောင်လို့ ဖြစ်ပေါ်လာတဲ့ ခွဲဖြန့်ပုံ အကျိုးဆက် (distributive consequences of public provision)†၊ ဒါမှမဟုတ် ပညာရေး ဆိုတာ လုပ်ဖို့ ထိုက်တန်တဲ့ ကိစ္စ ဖြစ်တယ်။  ဒီမိုကရေစီ လူ့အဖွဲ့အစည်း ချောချောမွေ့မွေ့ အလုပ် လုပ်နေဖို့အတွက် မရှိမဖြစ် ကိစ္စ ဖြစ်တယ် ဆိုတာမျိုး။

အစိုးရ က ပေးနိုင်တဲ့ တချို့သော အရာတွေ ဒါမှမဟုတ် ဂန်ဆောင်မှုတွေ အတွက် ဂယ်လိုအား ရှိနေတယ် ဆိုတဲ့အချက်ကြောင့် ဈေးကွက် ကျဆုံးမှု ရှိနေတယ်လို့ ပြောလို့မရပါဘူး။  အစိုးရ က ပေးနိုင်တဲ့ တချို့သော အရာတွေ အပေါ် ဂယ်လိုအား ရှိနေတာတွေ က ဈေးကွက် ကို လုံလုံလောက်လောက် နားမလည်ရာ က ဖြစ်ပေါ်လာရတာတွေပါ။  ကိစ္စတွေ ကို ပိုကောင်းအောင် ဆောင်ရွက်နိုင်တဲ့ အစိုးရ ရဲ့ ဆောင်ရွက်နိုင်စွမ်း အပေါ် နားမလည်ရာ က ဖြစ်ပေါ်လာရတာပါ။  အစိုးရ ဆောင်ရွက်ရမယ့် အတိုင်းအဆ ကို ဖော်ထုတ်ရာမှာ ဈေးကွက် ကျဆုံးမှု ရှိမရှိ ကို ဖော်ထုတ်ရေး က မရှိမဖြစ် ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်။

**အမေရိကန် ပြည်ထောင်စု က အဆင့်မြင့် ပညာရေး (Higher Education)**

အစိုးရ ပတ်သက်မှု ပုံစံ အမျိုးမျိုး ကို အမေရိကန် ပြည်ထောင်စု ရဲ့ အဆင့်မြင့် ပညာရေး မှာ ပြနိုင်ပါတယ်။  ပြည်နယ်တိုင်းမှာ ကိုယ့်ပုံစံနဲ့ကိုယ် တက္ကသိုလ်၊ ကောလိပ် နဲ့ ၂ နှစ်သင် ကောလိပ် စနစ်တွေ ရှိကြတာပေါ့။  အမေရိကန် မှာ ပုဂ္ဂလိက တက္ကသိုလ်တွေ ကို အစိုးရ က တိုက်ရိုက် အကူအညီပေးတာ အကန့်အသတ် ရှိပေမဲ့၊ ကနေဒါ လို တခြား နိုင်ငံတွေ မှာတော့ အဲဒီလို အကူအညီပေးတာ က တွေ့ရလေ့ရှိပြီး၊ ကျောင်းသား အရေအတွက်ပေါ်မူတည်လို့ ဘဏ္ဍာရေး အကူအညီ ပေးတတ်ပါတယ်။  အမေရိကန် မှာတော့ သုတေသန လုပ်တဲ့ တက္ကသိုလ်တွေ ကို အခြေခံ နဲ့

၂။  တစုံတရာသော လူမှု စီးပွါး ပတ်ဂန်းကျင် က ကျောင်းသားတွေ ကို ရည်စူးပြီးတော့လည်း အစိုးရ က ထောက်ပံ့တာတွေ ရှိပါတယ်။  ဥပမာ ဂင်ငွေနည်း ကျောင်းသားတွေ အတွက် ပဲလ် အထောက်အပံ့ဆု (Pell grant)၊ မူလတန်း နဲ့ အလယ်တန်း ကျောင်းဆရာတွေအတွက် ဆရာ အတတ်သင် ပညာရေး ဆိုင်ရာ ကောလိပ် နဲ့ အဆင့်မြင့်ပညာ အထောက်အပံ့ဆု (Teacher Education Assistance for College and Higher Education - TEACH) ပေးပါတယ်။

၃။  ပံ့ပိုးသော ပုံစံအရဖြစ်စေ၊ မပံ့ပိုးသော ပုံစံ အရ ဖြစ်စေ၊ ဖက်ဒရယ် ရံပုံငွေ ကို

---

*

†

လက်တွေ့အသုံးချ သုတေသန အစီအစဉ်တွေ က တဆင့် ဖက်ဒရယ် အစိုးရ က အတော်အသင့် အထောက်အပံ့ ပေးပါတယ်။
အဆင့်မြင့် ပညာရေး အပေါ် ဖက်ဒရယ် အစိုးရ ရဲ့ ထောက်ပံ့ပံ့ အများစု က အဆင့်မြင့်ပညာရေး ကို သင်ယူသူ - ကျောင်းသားတွေ - ကို ထောက်ပံ့တဲ့ ပုံစံ ယူထားတာပါ။ ယေဘူယျအားဖြင့် ထောက်ပံ့ပံ့ အစီအစဉ် မရှိပေမဲ့၊ ရွေးချယ် ထောက်ပံ့ပံ့အားဖြင့် အဓိက အစီအစဉ် ငါး ခု ရှိပါတယ်။

၁။ ဒုတိယ ကမ္ဘာစစ် အပြီးကတည်းက၊ စစ်ပြန် ကျောင်းသား တော်တော်များများ ဟာ အစိုးရ စားရိတ် နဲ့ ကောလိပ် နဲ့ တက္ကသိုလ်တွေ ကို တက်ကြတာပါ။ အများစုကြီး က မူလ ဂျီအိုင် ဥပဒေ (GI Bill) နောက်ပိုင်းမှာတော့ မောင်ဂိုမာရီ ဂျီအိုင် ဥပဒေ နဲ့ ၉/၁၁ လွန် ဂျီအိုင် ဥပဒေ အရ ကျောင်းတက်ကြတာပါ။ ကြည်းတပ်၊ ရေတပ် နဲ့ လေတပ် က အရံတပ်ဖွဲ့ အရာရှိများ လေ့ကျင့်သင်ကြားရေး (ROTC) ပညာသင်ဆု အနေနဲ့ တော်ရင် တော်တဲ့အလျောက် ပညာသင်ဆုတွေ (merit based scholarships) ပေးပါတယ်။ အီရတ် နဲ့ အာဖဂန်နစ္စတန် မှာ စစ်ရေး တာဝန်ထမ်းဆောင်ရင် ကျဆုံးသွားခဲ့သူတွေ ရဲ့ သားသမီး ကျောင်းသားတွေ အတွက်လည်း ပညာသင်ဆု ပေးပါတယ်။

ကျောင်းတွေကတဆင့် ဖြစ်စေ (တိုက်ရိုက်ချေးငွေ)၊ ပုဂ္ဂလိက ချေးငှါးသော ကုမ္ပဏီတွေ က တဆင့်ဖြစ်စေ၊ ကျောင်းသားတွေ ကို ကျောင်းစားရိတ် ချေးပေးပါတယ်။ ဖက်ဒရယ် အစိုးရ က အဲဒီ ပုဂ္ဂလိက ကုမ္ပဏီတွေ ကို ချေးငွေ ပြန်ဆပ်ရေးအတွက် အာမခံချက် ပေးထားပါတယ်။ ဒါ ကို ဖက်ဒရယ် မိသားစု ပညာရေး အတွက် ချေးငှါးရေး အစီအစဉ် (Federal Family Education Loan Program) လို့ ခေါ်ပါတယ်။

၄။ ဖက်ဒရယ် အလုပ်လုပ်ရင်း လေ့လာရေး အစီအစဉ် (Federal Work-Study Program) အရ၊ ကျောင်းတက်စာရင်း ပေးသွင်းထားတဲ့ ကျောင်းသားတွေ အတွက် အချိန်ပိုင်း အလုပ်လုပ်နိုင်ရေး အစီအစဉ် လည်း ရှိပါတယ်။ ဒီလိုနဲ့ ကျောင်းစားရိတ် ပေးနိုင်အောင် ကူညီတာပါ။

၅။ ဖက်ဒရယ် အစိုးရ က ပညာရေး နဲ့ ပတ်သက်တဲ့ စားရိတ်စားခတွေ အတွက် အခွန်ဆိုင်ရာ မက်လုံး ပေးပါတယ်။ ဘွဲ့ကြို ဒီဂရီ ဒါမှမဟုတ် တခြား အသိအမှတ်ပြု ပညာရေး သင်ကြားသူတွေအတွက် အမေရိကန် အခွင့်အလမ်း ရှာဖွေနိုင်ရေး အခွန် ကင်းလွတ်ခွင့် ကို ပေးထားသလို၊ သက်မွေးဝမ်းကျောင်း ပညာဖြစ်စေ၊ အလယ်တန်းလွန် ပညာရေးအတွက် ဖြစ်စေ၊ ဘဝ တစ်သက်တာ သင်ယူခွင့် ဆိုင်ရာ အခွန်ကင်းလွတ်ခွင့် (lifetime learning tax credit) ပေးထားပါတယ်။

## အစိုးရ က ဝင်ရောက်ဆောင်ရွက်သော ပုံစံ အမျိုးမျိုး

ဈေးကွက် ကျဆုံးတာ ဖြစ်တယ်လို့ ဖော်ထုတ် သတ်မှတ်ပြီးတဲ့အခါ၊ ပြဿနာ ကို အစိုးရ က ဖြေရှင်းပုံ အမျိုးမျိုး နဲ့ ကိုင်တွယ်ကောင်း ကိုင်တွယ်မှာပါ။ အစိုးရ လုပ်ဆောင်ပုံ လေးမျိုးလေးစား ကတော့ (၁) အစိုးရ ကိုယ်တိုင် က ထုတ်လုပ်တာ။ (၂) တစုံတရာသော လုပ်ဆောင်ပုံ ကို အားပေးသော သဘောဖြင့် သို့မဟုတ်

အားမပေးလိုသော သဘောဖြင့် အခွန်အားဖြင့် ဖြစ်စေ၊ ပံ့ပိုးပံ့အားဖြင့် ဖြစ်စေ၊ ပုဂ္ဂလိက ကို ထုတ်လုပ်လာအောင် ဆောင်ရွက်တာ။ (၃) အစိုးရ လိုလားတဲ့ နည်းလမ်းအားဖြင့် လုပ်ငန်းတွေ က ဆောင်ရွက်လာအောင် ရည်ရွယ်ပြီး၊ အစိုးရ က ပြဋ္ဌာန်းသတ်မှတ်ချက်တွေ ချမှတ်ခြင်းအားဖြင့် ပုဂ္ဂလိက လုပ်ငန်းတွေ က ထုတ်လုပ်လာအောင် ဆောင်ရွက်တာ။ (၄) အစိုးရ နဲ့ ပုဂ္ဂလိက ဖက်စပ်ဆောင်ရွက်တဲ့ ပုံစံတစ်ရပ်ရပ် (public-private partnership – PPP) နဲ့ ဆောင်ရွက်တာ။

တကယ်လို့ အစိုးရ က ထုတ်လုပ်ဖို့အတွက် တာဝန်ယူမယ်လို့ ဆုံးဖြတ်ရင်၊ ကိုယ် ထုတ်လိုက်တဲ့ အရာတွေ ကို ဘယ်လို ချထားမလဲ (how the output is to be allocated) ဆိုတာပါ ဆုံးဖြတ်ရမှာပါ။ ဈေးကွက် ပေါက် ပေါက်ဈေးအတိုင်း ကိုယ် ထုတ်လုပ်လိုက်တာ ကို ဈေးသတ်မှတ်နိုင်ပါတယ်။ လျှပ်စစ် အတွက် ဈေးနှုန်း သတ်မှတ်ကြသလို၊ ကုန်ကျစားရိတ် ဝန်းကျင် ဈေးသတ်မှတ်နိုင်ပါတယ်။ အဆင့်မြင့် ပညာရေး မှာ လုပ်သလို၊ ထုတ်လုပ်စားရိတ် ထက် နည်းပြီး ဈေးသတ်မှတ်နိုင်ပါတယ်။ အခြေခံ ပညာရေးအတွက် အားလုံး တူတူညီညီ လခ မပေးရသလို၊ အခမဲ့ သတ်မှတ်နိုင်ပါတယ်။ လိုအပ်ချက် လို့ မြင်တဲ့အတိုင်း၊ ဒါမှမဟုတ် အကျိုးကျေးဇူး ခံစားသင့်တယ်လို့ မြင်တဲ့အတိုင်း ထုတ်လုပ်လိုက်တဲ့ အရာ ဒါမှမဟုတ် ဝန်ဆောင်မှု ကို ချပေးလို့လည်း ရပါတယ်။ ဆေးကုခ အခမဲ့ ဖြစ်တဲ့ ဗြိတိန် နိုင်ငံမှာလို လူအားလုံး ကို ညီတူညီမျှ ပေးတာ မဟုတ်ဘူး ဆိုတာ သိသာပါတယ်။ (ရောဂါတွေ က မတူတော့ ကုန်ကျစားရိတ် မတူနိုင်ဘူး။ ဒါကြောင့် အစိုးရ က ပေးတာ ညီတူညီမျှ မဖြစ်နိုင်ဘူး ဆိုတဲ့ သဘော - ဘာသာပြန်သူ) လိုအပ်ချက် က မတူကြပါဘူး။ ရနိုင်တဲ့ ဆေးဘက် ဆိုင်ရာ ဝန်ဆောင်မှု ဘယ်လောက် အတိုင်းအတာ အထိ ရရှိနိုင်မယ် ဆိုတဲ့ ဆုံးဖြတ်ချက် ကို ဆရာဝန်တွေ လက်ထဲ ထားလိုက်ရတာပေါ့။ (ဆရာဝန်တွေ နဲ့ တိုင်ပင်ပြီး၊ အစိုးရ က လမ်းညွှန်ချက်တွေ ချထားပါတယ်။ အဲဒီ လမ်းညွှန်ချက်တွေအတိုင်း ဆရာဝန်တွေ က ဆုံးဖြတ်ချက်တွေ ချမှတ် ဝန်ဆောင်မှု ပေးနေကြတာပါ)

အလားတူပါပဲ။ ဝန်ဆောင်မှု ဒါမှမဟုတ် အရာ ကိစ္စ ပစ္စည်းတစ်ခု ကို ပုဂ္ဂလိက ကို ထုတ်လုပ်စေတော့မယ် ဆိုရင် အစိုးရ က ဒီ ကိစ္စတွေ ကို ဆုံးဖြတ်ရပါတယ်။ (က) ထုတ်လုပ်မယ့် အရာအတွက် တိုက်ရိုက် ကန်ထရိုက် ပေးလိုက်မယ် ဒါပေမဲ့ ဖြန့်ချိရေး ကိုတော့ ကိုယ် က ယူထားမယ်။ (ခ) ဖြစ်ပေါ်လာမယ့် အကျိုး ကို စားသုံးသူတွေ က ဈေးသက်သက်သာသာ နဲ့ ရရှိခံစားရမယ် ဆိုတဲ့ မျှော်လင့်ချက် နဲ့ ထုတ်လုပ်သူ ကို ပံ့ပိုးပေးမယ်။ (ဂ) စားသုံးသူကိုပဲ တိုက်ရိုက် ပံ့ပိုးလိုက်မယ်။ ပံ့ပိုးပံ့ ပုံစံ တစ်ရပ်ရပ် ကို လိုလားအပ်တယ် လို့ မြင်ရင်၊ အခွန်စနစ် က တဆင့် ပံ့ပိုးမှာလား၊ တိုက်ရိုက် ပံ့ပိုးမှာလား အစိုးရ က ဆုံးဖြတ်ရပါမယ်။ တိုက်ရိုက် ပံ့ပိုးတော့မယ် ဆိုရင်လည်း၊ ပံ့ပိုးမှု ရထိုက်တဲ့ စံနှုန်းတွေ က ဘာတွေလဲ ဆိုတာမျိုး အချက်အလက်တွေ ကို အစိုးရ က ဆုံးဖြတ် သတ်မှတ်ရပါမယ်။ လက်ရှိ အခြေအနေမှာတော့ အစိုးရတွေ ဟာ ဒီ ဖြစ်နိုင်ဖွယ် ဆောင်ရွက်ချက်တွေ ကို ဆုံးဖြတ် ဆောင်ရွက်နေကြပါတယ်။

တကယ်လို့ အစိုးရ က စပ်ဟပ်ထားတဲ့ ပီပီပီ ချဉ်းကပ်ပုံ ကို ရွေးချယ်တယ် ဆိုရင်၊ ပုဂ္ဂလိက ကဏ္ဍ နဲ့ ဆက်ဆံရေး သဘောသဘာဝ ကို အစိုးရ ဆုံးဖြတ်ရပါမယ်။ အထူးသဖြင့် နှစ်ဘက် ရဲ့ အခန်းကဏ္ဍ နဲ့

တာဝန်ယူမှု အပိုင်းတွေကို ကို ဆုံးဖြတ်ရသလို၊ ကြုံတွေ့လာနိုင်တဲ့ အန္တရာယ် ဒါမှမဟုတ် ဆုံးရှုံးစရာတွေ ပေးစရာတွေအတွက် ဘယ်လို ချထားကြမလဲ (risk allocation) ဆိုတာကိုလည်း ဆုံးဖြတ်ကြရပါတယ်။ ပုဂ္ဂလိက ကဏ္ဍ နဲ့ ဝန်ဆောင်မှုဆိုင်ရာ၊ ငွေးရမ်းမှု ဆိုင်ရာ၊ စီမံခန့်ခွဲမှု ဆိုင်ရာ သဘောတူညီချက်တွေ ရိုးရိုးစင်းစင်း စီစဉ်နိုင်ပါတယ်။ ဒီလိုကိစ္စတွေ မှာ ပိုင်ဆိုင်မှု ကိုတော့ အစိုးရ က ထိန်းသိမ်းထားပြီး၊ နေ့ နေ့စဉ် ဆောင်ရွက်ဖွယ် ကိစ္စတွေအတွက် အပြင် ကို ပေးလိုက်တဲ့ သဘော ဖြစ်ပါတယ်။ ဒါ က ရိုးစင်းပါတယ်။ ဆောက်လုပ်၊ ဆောင်ရွက် လွှဲပြောင်း (build-operate-transfer – BOT) လို ရှုပ်ထွေးတာတွေလည်း ရှိနိုင်ပါတယ်။ ဒီမှာတော့ ပုဂ္ဂလိက က တည်ဆောက်မယ်။ ဥပမာ တိုးကောက်တဲ့ လမ်းမျိုးပါ။ ပုဂ္ဂလိက က လမ်း ...

ဒါတွေ ...

ဖြစ်ကေ ...

**အစိုးရ က ဝင်ရောက်ဆောင်ရွက်ပုံ ပုံစံ အမျိုးမျိုး**

၁။ အစိုးရ ထုတ်လုပ်မှု
- အခမဲ့ ဖြန့်ဖြူးခြင်း
- ထုတ်လုပ်မှု စားရိတ်အောက် ဖြန့်ဖြူးခြင်း
- ထုတ်လုပ်မှု စားရိတ် အတိုင်း ဖြန့်ဖြူးခြင်း

၂။ ပုဂ္ဂလိက ထုတ်လုပ်မှု
- အစိုးရ က ထုတ်လုပ်သူ ကို အခွန်အားဖြင့် ပံ့ပိုးခြင်း
- အစိုးရ က သုံးစွဲသူ ကို အခွန်အားဖြင့် ပံ့ပိုးခြင်း
- အစိုးရ က တိုက်ရိုက် ဖြန့်ဖြူးခြင်း
- အစိုးရ က ပြဌာန်း သတ်မှတ်ချက်များ သတ်မှတ်ခြင်း

၃။ အစိုးရ - ပုဂ္ဂလိက အကျိုးတူ ပေါင်းဖွဲ့မှု
- ပစ္စည်း နဲ့ ဝန်ဆောင်မှု အတွက် ပြင်ပ ကို အစိုးရ က ဆောင်ရွက်ခွင့် ပြုခြင်း
- နေ့စဉ် ဆောင်ရွက်မှု နဲ့ ထိန်းသိမ်းမှု အတွက် ဝန်ဆောင်မှု၊ ငှါးရမ်းမှု၊ စီမံခန့်ခွဲမှု ကန်ထရိုက် ချပေးခြင်း
- အရင်းများသော ရင်းနှီးမြှုပ်နှံမှုများ အတွက် BOT လို သဘောတူညီချက်
- ငွေကြေးအားဖြင့် ပစ္စည်းအားဖြင့် ဖက်စပ် (joint venture – financial and in-kind)

အမျိုးမျိုးသော ပုံစံတွေကို ဖော်ထုတ်နိုင်ဖို့ အရေးကြီးတယ် ဆိုတာကို ပိုလို့ အသိအမှတ် ပြုလာကြပါတယ်။ စားရိတ် ပိုကျဉ်း၊ ပို ထိရောက်စေတဲ့ နည်းလမ်းတွေ နဲ့ အစီအစဉ် အဟောင်းတွေ ရဲ့ ရည်မှန်းချက် အတိုင်း ရရှိနိုင်မယ့် အစီအစဉ်အသစ်တွေ ကို မကြာခဏ ဆိုသလို ရေးဆွဲ ချမှတ်လာကြပါတယ်။ "လူမှု တီထွင်ချက်" က "နည်းပညာ တီထွင်ချက်" ထက် အရေးပါရာမှာ ပို မနိမ့်ကျပါဘူး။ ကနေ့အချိန်အခါ မှာ ဈေးကွက် နဲ့ ဈေးကွက် လို နည်းနာယန္တယား (market-like mechanism) တွေ ကို အသုံးပြုဖို့ ပိုပြီး အထူးပြု ပြောဆိုလာကြပါပြီ။

## တစုံတရာသော ဒီဇိုင်း သွင်ပြင်လက္ခဏာ အရေးပါပုံ

အစီအစဉ် တစ်ရပ် က ပေးမယ့် အသေးစိတ် ရေးဆွဲထားတဲ့ ကိစ္စရပ်တွေ ဟာ – ဥပမာ အားဖြင့် ဒီ အစီအစဉ် နဲ့ ပတ်သက်ပြီး အကျုံးဝင်မှု စံများ (eligibility standards) – အဲဒီ အစီအစဉ် ရဲ့ အကျိုးဆက်တွေကို အဆုံးအဖြတ်ပေးရာမှာ အဓိက ကျပါတယ်။ အကျိုးဆက်ဆိုရာမှာ တွက်ခြေကိုက်မှု (efficiency ခေါ်တဲ့ ကိုယ် စိုက်ထည့်လိုက်သလောက် ပြန်ရနိုင်မှု) နဲ့ မျှတမှု (equity) အကျိုးဆက်တွေ ဖြစ်ပါတယ်။ မျှတမှု နဲ့ တွက်ခြေကိုက်မှု က မူအားဖြင့် ရှင်းပေမဲ့၊ လက်တွေ့လုပ်ရာမှာတော့ ကွဲပြားဖို့ ခက်တာတွေ ရှိတတ်တာကြောင့် ဒီ ၂ ခု သဘော ကို ရှင်းရှင်းလင်းလင်း ကွဲပြားနေအောင် လုပ်ထားဖို့ လိုအပ်ပါတယ်။ ငတ်မွတ်နေတဲ့ သူတွေ နဲ့ မငတ်မွတ်တဲ့သူတွေကြား ကွဲပြားမှု က အရေးကြီးတဲ့ ကိစ္စ တစ်ခုပါ။ ဒါပေမဲ့ ဆာလောင် ငတ်မွတ်နေတဲ့ သူတွေ ကို အစားအသောက် ထောက်ပံ့မယ့် အစီအစဉ် လုပ်တဲ့အခါ ဆာလောင်ငတ်မွတ်နေသူတွေ က ဘယ်သူတွေလဲ သတ်မှတ်ဖော်ထုတ် နိုင်မယ့် လွယ်လွယ်နည်းလမ်းတွေ လိုအပ်လာပါတယ်။ အဓိပ္ပါယ် ဖွင့်ဆို သတ်မှတ်ချက် က ကျဉ်းမြောင်းလွန်းနေတဲ့အခါ၊ လိုအပ်နေကြပေမဲ့ အကူအညီ မရနိုင်သူတွေ အများကြီး ဖြစ်သွားတတ်ပါတယ်။ အစီအစဉ်အတွင်း အကျုံးဝင်မှု သတ်မှတ်ချက် က သိပ်ကျယ်ပြန့်နေပြန်တော့လည်း တကယ်မလိုအပ်တဲ့သူတွေ အများကြီး အစီအစဉ်ထဲ ပါလာပြီး၊ အကူအညီတွေ ရနေမှာပါ။ ဒီအခါ အဲဒီသူတွေ ကို ကူညီရာမှာ သုံးတဲ့ ငွေတွေ ကို အခွန်အဖြစ် ဆောင်နေရတဲ့ တခြား အခွန်ထမ်းပြည်သူတွေ က ကန့်ကွက်လာကြမှာပေါ့။ ဘယ်သူ က အကူအညီ တကယ် ရထိုက်တယ် ဆိုတာ ကို ဖော်ထုတ် သတ်မှတ်ရာမှာ ခြောက်ပစ်ကင်း ဖို့ က ဖြစ်နိုင်ခြေ နည်းတာကြောင့် အမှားပုံစံ ၂ ရပ်ကြားမှာ ရွေးချယ်ရတာ ဖြ ဖြစ်လာပါတယ်။ အမှား ၂ ရပ် ကတော့ .. ရထိုက်သူတွေ ကို ငြင်းမိတဲ့ အမှား နဲ့ မရထိုက်သူတွေ ကို ကူညီမိတဲ့ အမှား ၂ ရပ်ပါပဲ။ မတူတဲ့ ပုဂ္ဂိုလ် အသီးသီး က ဒီ အမှား ၂ မျိုး ရဲ့ အရေးပါမှု အပေါ်မှာ မတူညီတဲ့ ပိုင်းဖြတ်ချက်တွေ ချကြမှာပါပဲ။

အစီအစဉ်အတွင်း အကျုံးဝင်မှု စံ ရေးဆွဲပုံ က ပိုမိုတဲ့ သက်ရောက်မှု ရှိတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အကျုံးဝင်ဖို့ ဒါမှမဟုတ် အကျိုးခံစားရဖို့ လူတွေ က သူတို့ ပြုမူ လုပ်ကိုင်ပုံတွေ ကို ပြောင်းလဲကြမှာကိုး။ ဥပမာအားဖြင့် အိမ်ထောင်ကွဲ တစ်ကိုယ်တော် မိခင်တွေ ကို ရံပုံငွေ ပေးတဲ့ သက်သာချောင်ချိရေး အစီစဉ်တွေကြောင့် ကလေးတော့ ရတယ် .. လက်တော့ မထပ်ဘူး ဆိုတဲ့ ပြုမူပုံတွေ ဖြစ်ပေါ်လာမလား စိုးရိမ်ချက်တွေ ရှိပါတယ်။ ဝင်ငွေနည်း ပြည်သူတွေ ကို အထောက်အပံ့ ပေးတဲ့ အဟာရဖြည့် ထောက်ကူရေး အစီအစဉ် (Supplemental Nutrition Assistance Program – SNAP; ယခင် အစားအစာ လက်မှတ် အစီအစဉ် - Food Stamp Program[‡]) က တစ်ဘာသာ မက်လုံးပေးတဲ့ နောက် အစီအစဉ်တစ်ရပ်ပေါ့။ အစားအသောက်အတွက် ရနိုင်တဲ့ ဝင်ငွေ ကို တွက်ချက်ရာမှာ အိမ်ခန်းအတွက် ကုန်ကျစားရိတ် ကို

---

[‡] အစီအစဉ် ရဲ့ နာမည်သာ ပြောင်းသွားတာ မဟုတ်ပါဘူး။ ကူပွန်လက်မှတ် စက္ကူ (food stamps) ကိုလည်း အီလက်ထရောနစ် အကျိုးခံစာခွင့် လွှဲပြောင်းမှု ထုတ်ပေးခြင် စနစ် (electronic benefits transfer EBT issuance system) နဲ့ အစားထိုး လိုက်ပါတယ်။ ဘဏ်တွေ က ထုတ်ပေးတဲ့ ငွေထည့် ဈေးဝယ်ကဒ် (debit card) လိုပါပဲ။

အိမ်ပါလာတဲ့ ဂင်ငွေ က နှုတ်လိုက်ပြီး တွက်ချက်တာကြောင့် အိမ်ခန်းအတွက် ပို သုံးလိုက်တဲ့သူ က အစားအသောက်အတွက် (အိမ်ပါလာတဲ့ လက်ကျန်ငွေ နည်းသွားတာကြောင့် - ဘာသာပြန်သူ) အကူအညီ ပိုရသွားတော့တာပေါ့။ (အိမ်ကောင်းကောင်း ငှါးနေပြီး၊ အစိုးရ ဆီ က စားစရိတ် ယူလိုက်တဲ့ သဘော - ဘာသာပြန်သူ) ဒါကလည်း ပြုမူ လုပ်ကိုင်ပုံတွေ ကို ပြောင်းစေတာ မဟုတ်လား။ အစီအစဉ် ကို ရေးဆွဲပုံ ဒါမှမဟုတ် ဒီဇိုင်းပေါ် မူတည်ပြီး တစုံတရာသော ပြုမူလုပ်ကိုင်ပုံတွေ ဖြစ်လာတာပေါ့။ ဆင်းရဲတဲ့ သူတွေ ကို အဟာရ ပိုကောင်းကောင်းရအောင် ရည်ရွယ်တဲ့ အစီအစဉ် SNAP ဟာ အိမ် အငယ်အငှါး ကုန်ကျစားရိတ် ကို အားပေးသလို ဖြစ်သွားကောင်း ဖြစ်သွားခဲ့တော့တာကိုး။ တင်ပြခဲ့တဲ့ စိုးရိမ်စရာ ကောင်းတဲ့ အချက် ၂ ချက်လုံး ဘယ်အချက်မှ အရေးပါလောက်အောင် စိုးရိမ်စရာ ကောင်းနေပြီ လို့တော့ အထောက်အထား မရှိသေးပါဘူး။

အစိုးရ အစီအစဉ်များ အပေါ် ပုဂ္ဂလိက ကဏ္ဍ က တုံ့ပြန်ပုံများ

အမေရိကန် ပြည်ထောင်စု ရဲ့ စနစ် လို ရောထွေး ဈေးကွက် စီးပွါးရေး (mixed market economy) ရဲ့ အဓိက သွင်ပြင်လက္ခဏာတွေ ထဲ က တစ်ခု ကတော့ အစိုးရ အနေနဲ့ ဈေးကွက်အပေါ်မှာ ထိန်းချုပ်နိုင်မှု ဒီကရီ အကန့်အသတ် ရှိတယ် ဆိုတဲ့ အချက်ပါပဲ။ အများ က စွပ်စွဲ ပြောဆိုနေတဲ့ အကျိုးခံစားခွင့်တွေ ကို များများ ရနိုင်မယ့် နည်းလမ်းမျိုး နဲ့ ပုဂ္ဂလိက ကဏ္ဍကတော့ အစိုးရ အစီအစဉ်တွေ ကို တုံ့ပြန်ကြမှာပါ။ ဥပမာအားဖြင့် လူမှုဖူလုံရေး အကျိုးခံစားခွင့် (social security benefits) ကို အစိုးရ က မြှင့်လိုက်တဲ့အခါ၊ သက်သာချောင်ချိရေး ခံစားသက် က ရေရှည်မှာ အချိုးညီ တိုးမလာတာခဲ့ပါဘူး။ တစ်ဦးချင်း ဟာ ပင်စင်ချိန်အတွက် ကိုယ့် ဆုငွေ ကို လျှော့ချရသလို ဖြစ်သွားပါတယ်။ သားသမီးတွေကလည်း သူတို့ ရဲ့ အသက်အရွယ် အိုမင်းလာတဲ့ မိဘတွေ ကို ထောက်ပံ့တာ လျှော့ချဖို့ ဖြစ်သွားပါတယ်။[§] အစိုးရ ရဲ့ ထောက်ကူပံ့ က ပုဂ္ဂလိက ထောက်ကူပံ့ ကို ဖယ်ထုတ် ပစ်လိုက်သလို ဖြစ်သွားပါတယ်။ အစီအစဉ် ကို တိုက်စားလိုက်သလို ဖြစ်သွားပါတယ်။ ဒါပေမဲ့ ယခု အထိ အဲဒီလို ဖြစ်သွားတယ် ဆိုတာ လက်တွေ့ လေ့လာချက် မှာ မတွေ့ရသေးပါဘူး။ တကယ်တော့ ဥပမာအားဖြင့် အစိုးရ က အခြေခံ သုတေသနအတွက် ပံ့ပိုးတဲ့အခါ ပုဂ္ဂလိက အသုံးချ သုတေသန ကို အားပေးသလို ဖြစ်စေပါတယ်။

အစိုးရ အစီအစဉ်တစ်ရပ် ရဲ့ အကျိုးဆက်တွေ ကို စဉ်းစားတဲ့အခါ၊ ရေရှည် အကျိုးဆက် ကိုလည်း ကြည့်ဖို့ လိုမှာပါ။ လက်ငင်း သက်ရောက်မှုလိုပဲ ရေရှည်မှာ ထုတ်လုပ်သူရော၊ သုံးစွဲသူပါ သူတို့ ပြုမူ လုပ်ကိုင်ပုံ ကို

---

[§] လူမှုဖူလုံရေး အတွက် အကျိုးခံစားခွင့် က တစ်နှစ် ကို ကိုယ့် စုဆောင်းငွေ (ဆိုပါတော့ ၅၀၀၀) အရ ၅၀၀ အကျိုးခံစားခွင့် ရှိတယ် ဆိုပါစို့။ အစိုးရ က ၇၀၀ အထိ ခံစားခွင့် ရှိတယ်လို့ တိုးမြှင့် သတ်မှတ်လိုက်တယ် ဆိုပါတော့။ ၂၀၀ တိုးရာမှာ အစိုးရ က အချိုးတစ်ခုနဲ့ပဲ ပါတာဖြစ်ပြီး ကျန်တာ က ကိုယ့်စုဆောင်းငွေထဲ က ထုတ်ရတဲ့ စနစ်မျိုးပါ။ ဒီတော့ ၅၀၀ နဲ့ ခံစားခွင့် သက် ၁၀ နှစ် ရှိရာကနေ ၇၀၀ ဖြစ်တဲ့အခါ ခံစားခွင့် သက် က ၇ နှစ်ပဲ ရှိပါတော့မယ်။ ခံစားခွင့် သက် ကိုတော့ အစိုးရ က တိုးမြှင့် မပေးဘူး။ ဒီတော့ ပင်စင် အတွက် ရည်ရွယ် စုထားတာ က လျှော့ချလိုက်ရသလို ဖြ ဖြစ်သွားပါတယ်။ ၅၀၀ ကနေ ၇၀၀ အထိ ခံစားခွင့် ရသွားတော့ သားသမီးတွေ က မိဘ ကို ၂၀၀ လျှော့ ထောက်ပံ့ဖို့ ဖြစ်သွားပြန်တဲ့ သဘော ကို ပြောတာပါ။ အကျိုးဆက်တွေ ဖြစ်ပေါ်လာတာ ကို ပြောတဲ့ သဘောပါ။ ဘာသာပြန်သူ

လိုက်ချိန်ညှိကြရတာကိုး။ အိမ်ယာမြေ ငှါးခတွေ ကို ထိန်းချုပ်တာ ရဲ့ အဓိက သက်ရောက်မှုတွေ အနက် က တစ်ခုကတော့ အိမ်ယာ အသစ်တွေ ပေါ်မလာတော့တာပါပဲ။ ဒီ ရဲ့ အကျိုးဆက် ကို တဖြည်းဖြည်းချင်း မှ ခံစားရတာပါ။

ပုဂ္ဂလိက ကဏ္ဍ တစ်ခုလုံး က တုံ့ပြန်ပုံ ကို တွက်ဖို့ ဆိုတာ အစိုးရ အစီအစဉ် တစ်ရပ် အပေါ် ပိုင်းခြား သုံးသပ်ရာမှာ မကြာခဏဆိုသလို ကြုံရတဲ့ အခက်အခဲဆုံး နဲ့ အငြင်းပွါးဖွယ် ဘက်ပေါင်းစုံ ပါဝင်တဲ့ ကိစ္စပါပဲ။ ဥပမာ အားဖြင့် .. ဝင်ငွေနည်း အိမ်ယာ တည်ဆောက်သူတွေ ကို အမြတ်များပြီး၊ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုလုံ အပေါ် အကျိုးရှိလာအောင် အစိုးရ က ဘယ်လောက် အတိုင်းအတာ အထိ ပံ့ပိုးရမလဲ။ ဆောက်သူတွေ များလာလို့ အခန်းတွေများ စျေးတွေ ကျ လာပြီး၊ ရည်ရွယ်တဲ့ အခန်းငှါးသူတွေ အကျိုးများလာအောင် ဆောက်လုပ်ရေး လုပ်ငန်းကြီး အတွင်း မှာ အမြတ်တွေ မရတော့လောက်အောင် ဘယ်အတိုင်းအတာအထိ အပြိုင်အဆိုင် ဖြစ်ဖို့ လုပ်မလဲ။ အိမ်ယာ နဲ့ ဆောက်လုပ်ရေး စျေးကွက်တွေ နဲ့ ပတ်သက်တဲ့ အမြင်တွေပေါ်မှာ အဖြေတွေ က မူတည်နေပါလိမ့်မယ်။ ဆောက်လုပ်ရေး လုပ်ငန်းတွေ ကြားမှာ ဘယ်လောက် ပြိုင်ဆိုင်မှု ရှိသလဲ။ တကယ်လို့ ပြိုင်ဆိုင်မှု ရှိတယ်ဆိုရင်၊ ရောင်းလိုအား ရဲ့ ပျောင်းညွတ်မှု (elasticity of supply) က ဘာလဲ။ ဝယ်လိုအား ရဲ့ ပျောင်းညွတ်မှု (elasticity of demand) က ဘာလဲ။[**]

ပြောပြီးခဲ့သလိုပါပဲ၊ အစိုးရ အစီအစဉ်တစ်ရပ် ရဲ့ အကျိုးသက်ရောက်မှု ဟာ အဲဒီ အစီအစဉ် ရဲ့ ခပ် ရိုးရိုး လုပ်ထားတဲ့ ဒီဇိုင်းအပေါ်မှာ အရေးပါပါ တည်နေတာပါ။ စီးပွါးရေး ပညာရှင်တွေကတော့ မဖြစ်စလောက် ဆွဲဆောင်မှု အကျိုးဆက် (marginal incentive effects) အပေါ် ကြည့်ကြတာပေါ့။ ပျမ်းမျှ ပံ့ပိုးပုံ တူညီတဲ့ အစီအစဉ် ၂ ခု မှာ လုံးဝ မတူတဲ့ မဖြစ်စလောက် ဆွဲဆောင်မှု အကျိုးဆက် ရှိနိုင်ပါတယ်။ ဥပမာ အားဖြင့် တစ်လ ဒေါ်လာ ၂၀၀ အထိ သုံးစွဲသူတွေ ကို ပဲ ထောက်ပံ့ဖို့ လုပ်ထားတဲ့ SNAP အစီအစဉ် မှာ အစားအသောက်အတွက် ဒေါ်လာ ၂၀၀ အထက် သုံးစွဲသူတွေ အပေါ်တော့ မဖြစ်စလောက် ဆွဲဆောင်မှု အကျိုးဆက် ရှိမှာ မဟုတ်ပါဘူး။ ပုဂ္ဂလိက ကဏ္ဍ ကနေ ဝယ်လိုအား နဲ့ ရောင်းလိုအား သဘောအရ တုံ့ပြန်ပုံတွေ ရဲ့ အတိုင်းအဆ (ဒါကြောင့် စျေးနှုန်း နဲ့ အရေအတွက် အပေါ် သက်ရောက်မှု) ကို ပိုင်းခြား သုံးသပ်ရာမှာ အဲဒီ မဖြစ်စလောက် ဆွဲဆောင်မှု အကျိုးဆက်တွေ ကို ဂရုတစိုက် အာရုံစိုက်သင့်ပါတယ်။

အစဉ်အလာ သမရိုးကျ စဉ်းစားပုံ က အလုပ်မဖြစ်သလိုပဲ၊ စီးပွါးရေး ပညာရှင်တွေ ရဲ့ သုံးနေကျ ပုံစံ (standard model) ကလည်း အလုပ်မဖြစ်တာ ကို မကြာမီ က လုပ်ခဲ့တဲ့ စီးပွါးရေး ပညာရပ်ဆိုင်ရာ သုတေသနတွေ က ပြောပါတယ်။ လူတွေ က ဆွဲဆောင်မှု ပုံစံ တချို့ အပေါ် သုံးနေကျ သီဝရီ က ဟောကိန်း

---

[**] ရောင်းလိုအား ပျောင်းညွတ်မှု (elasticity of supply) ဆိုတာ စျေးနှုန်း ၁% ပြောင်းသွားတာကြောင့် ရောင်းလိုအား အရေအတွက် ပြောင်းလဲမှု ရာနှုန်း လို့ အဓိပ္ပါယ် သတ်မှတ်ပါတယ်။ ဝယ်လိုအား ပျောင်းညွတ်မှု (elasticity of demand) ဆိုတာ စျေးနှုန်း ၁% ပြောင်းသွားတာကြောင့် ဝယ်လိုအား အရေအတွက် ပြောင်းလဲမှု ရာနှုန်း လို့ အဓိပ္ပါယ် ဖွင့်ဆိုပါတယ်။ (စျေးတက်ရင် ရောင်းလိုအား များလာပြီး၊ ဝယ်လိုအား ကျသွားမယ်။ စျေးကျရင် ရောင်းလိုအား နည်းသွားပြီး ဝယ်လိုအား တက်လာမယ် ဆိုတဲ့ သဘော ပေါ်မှာ ရာနှုန်း အပြောင်းအလဲ ကို ပြောတာ - ဘာသာပြန်သူ)

ထုတ်သလောက်တော့ ဂရုစိုက်တာ ရှိချင်မှ ရှိမှာပါ။ ဒါမှမဟုတ် မျှော်လင့်မထားတဲ့ နည်းလမ်းတွေ နဲ့ တုံ့ပြန်ချင် တုံ့ပြန်မှာပေါ့။ ဒါကြောင့် ဆွဲဆောင်မှု ဒါမှမဟုတ် မက်လုံးတွေ အပေါ် ကြို မှန်းဆ မထားတဲ့ တုံ့ပြန်ပုံတွေ ကို နားလည်နိုင်အောင် စီးပွါးရေး ပညာရှင်တွေ က ပြုမူ လုပ်ကိုင်ပုံ ဆိုင်ရာ စီးပွါးရေး ပညာ (behaviorial economics) အရ ကြိုးစားကြပါတယ်။ ဒီ ပညာရပ် က နှိုင်းယှဉ်မှုအရ မကြာသေးခင် က မှ ပေါ်လာတဲ့ ပညာပါ။ အစိုးရ ရဲ့ မူဂါဒ နဲ့ အစီအစဉ်တွေ အပေါ် အိမ်ထောင်စုတွေ နဲ့ လုပ်ငန်းကိုင်ငန်းတွေ က တုံ့ပြန်ရာမှာ ရှိနေတဲ့ အောက်ခံ စိတ်သဘာဂ ကို လေ့လာတဲ့ ပညာရပ် ဖြစ်ပါတယ်။ အများပြည်သူဆိုင်ရာ ဘဏ္ဍာရေးကိစ္စတွေအပေါ် ပြုမူ လုပ်ကိုင်ပုံ စီးပွါးရေး ပညာ မျက်စိနဲ့ နားလည်အောင် အားထုတ်ကြည့်ခြင်းအားဖြင့် အစိုးရ က ကမကထလုပ်တဲ့ ဆောင်ရွက်ချက်တွေ နဲ့ ပတ်သက်လို့ ပုဂ္ဂလိက ကဏ္ဍ က တုံ့ပြန်ပုံ ကို ပိုပြီး တိတိကျကျ ဟောကိန်းထုတ်နိုင်လိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက် နဲ့ အားထုတ်ကြည့်တာပါ။ အစိုးရ အုပ်ချုပ်ရေးဆိုင်ရာ စီးပွါးရေး (public sector economics) ကိစ္စရပ်တစ်ခုလုံး ကို လွှမ်းခြုံပါတယ်။ ဒီ အထဲ မှာ အစိုးရ အသုံးစားရိတ် (public expenditure)၊ လူမှု အာမခံချက် (social insurance)၊ ပင်စင်စုငွေ တိုးပွါးမှု (retirement savings accruals)၊ လူမှု ဖူလုံရေး ကွန်ရက် (social safety nets)၊ နဲ့ ဂင်ငွေ ထပ်မံ ဖြန့်ခွဲပုံ (income redistribution) တွေ ပါဂင်တာပေါ့။

## ကုန်သလောက် ခရီးရောက်မှု အကျိုးဆက် (Efficiency Consequences)

အသုံးစားရိတ် မူဂါဒ ဆိုင်ရာ ပိုင်းခြားသုံးချက် လုပ်တဲ့ နောက်တစ်ဆင့်ကတော့ အစီအစဉ် အမျိုးမျိုး ရှိရာမှာ တစ်ခုချင်းစီ ရဲ့ ကုန်သလောက် ခရီးရောက်မှု နဲ့ ဖြန့်ဝေနိုင်မှု အကျိုးဆက်တွေ (efficiency and distributional consequences) ကို ဖော်ထုတ် သတ်မှတ်တာပါပဲ။ မူကွဲ အစီအစဉ် အမျိုးမျိုး မှာ တစ်ခုချင်းစီ က အစိုးရ မူဂါဒ ရည်မှန်းချက်တွေ ကို ဘယ်လောက် အတိုင်းအတာ အထိ ဖြည့်ဆည်းနိုင်သလဲ ဆိုတာ ကို ချင့်တွက်တာပါပဲ။

ပစ္စည်း ဒါမှမဟုတ် ဂန်ဆောင်မှု တစ်ရပ် ထုတ်လုပ်ရာမှာရော၊ သုံးစွဲမှု အဆင့် မှာပါ အစိုးရ ရဲ့ အစီအစဉ်တွေ က ကုန်သလောက် ခရီးမရောက်တာတွေ ဖြစ်နိုင်ပါတယ်။ အခန်း ၈ မှာ ကျွန်တော်တို့ အကြံပြုခဲ့ပါတယ်။ အစိုးရ က ပစ္စည်း၊ ကိစ္စ ဒါမှမဟုတ် ဂန်ဆောင်မှု တစ်ရပ်ရပ် ကို ကိုယ်တိုင် ထုတ်လုပ်ဖို့၊ ပုဂ္ဂလိက လုပ်ငန်းတွေ က ပစ္စည်း ဒါမှမဟုတ် ဂန်ဆောင်မှု ကို ဂယ်ယူမယ် ဒါပေမဲ့ ကိုယ်တိုင် ဖြန့်မယ်၊ ဒါမှမဟုတ် ပုဂ္ဂလိက လုပ်ငန်းတွေကပဲ ဒါ ကို အစိုးရ ရဲ့ ပြဋ္ဌာန်း သတ်မှတ်ချက်တွေ အောက်မှာ ထုတ်လုပ်မယ် ဈေးကွက်ဖြန့်မယ် စတဲ့ ဆုံးဖြတ်လုပ်ဆောင်နိုင်ဖွယ် နည်းလမ်းတွေ ကို ပြောခဲ့ပါတယ်။ ထုတ်လုပ်မှု နဲ့ ပတ်သက်တဲ့ စားရိတ်စားခတွေ နဲ့ အဲဒီ ထုတ်လိုက်တဲ့ ပစ္စည်း ဒါမှမဟုတ် ဂန်ဆောင်မှု ကို သုံးစွဲလိုသူတွေဆီ အရောက်ပို့တာ နဲ့ ပတ်သက်တဲ့ ကုန်ကျစားရိတ် အပေါ် အစိုးရ ရဲ့ ဆုံးဖြတ်လုပ်ဆောင်ပုံတွေ က သက်ရောက်မှု ရှိတာ ပြောခဲ့ပါတယ်။

သုံးစွဲသူတွေ က ရွေးချယ်နိုင်တဲ့အခါ၊ ထုတ်လုပ်သူတွေကြား ပြိုင်ဆိုင်မှုကြောင့် ပစ္စည်း ထုတ်တာ ဒါမှမဟုတ် ဂန်ဆောင်မှု ပေးတာ နဲ့ ပတ်သက်လို့ ကုန်သလောက် ခရီးရောက်တာ တက်လာစရာ ရှိတယ်လို့ ကျွန်တော်တို့

ပြောခဲ့ပါတယ်။ (တနည်း ပိုလို့ပိုလို့ ကုန်ရကျိုးနပ် လာပါတယ် - ဘာသာပြန်သူ) အလားတူပဲ သုံးစွဲသူတွေ ရဲ့ ဆန္ဒ နဲ့ လိုအပ်ချက် ဖြည့်ဆည်းနိုင်အောင် ထုတ်လုပ်ရာမှာ ဝန်ဆောင်မှု ပေးရာမှာ တုံ့ပြန်လာနိုင်ပါတယ်။ ဒါပေမဲ့ သုံးစွဲသူတွေ မှာ သူတို့ ဝယ်ယူမယ့် ပစ္စည်း ဒါမှမဟုတ် ဝန်ဆောင်မှု နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ရနိုင်တာ က အကန့်အသတ် ဖြစ်နေရင် ခုလို အကျိုးများတယ် လို့ ပြောဆိုချက်တွေ က အရာ မရောက်လှပါဘူး။ ဥပမာ ဆေးဝါးကုသရေး စောင့်ရှောက်မှု နဲ့ ပတ်သက်ပြီး ဝယ်ယူတဲ့အခါ သတင်း အချက်အလက် ရရှိနိုင်မှုမျိုးဖြစ်ပါတယ်။ ဒါမှမဟုတ် ဆေးဝါးကုသရေး စောင့်ရှောက်မှု မှာ သုံးစွဲသူ က ကုန်ကျမယ့် စားရိတ် ကို စိုးရိမ်တယ်။ အဲဒီ စိုးရိမ်တဲ့ စားရိတ်စားခ ကို အစိုးရ က အကုန် ကျခံလိုက်တာကြောင့် (ဒါမှမဟုတ် အရေးပါလောက်အောင် တော်တော်များများ) အကုန်အကျ ခံလိုက်တယ် ဆိုရင်၊ စောစော က ပြောခဲ့တဲ့ အကျိုးများတယ် ဆိုတာတွေ က အရာ မရောက်လှတော့ပါဘူး။

**ဝင်ငွေ နဲ့ အစားထိုး သက်ရောက်မှု။ ကုန်သလောက် ခရီး မရောက်မှု**

အစီအစဉ် တော်တော်များများအတွက်၊ အစားထိုး သက်ရောက်မှု (substitution effects) နဲ့ ဝင်ငွေ သက်ရောက်မှု (income effects) တွေ ကို ခွဲခြားတာ က အသုံးကျပါလိမ့်မယ်။ အစိုးရ ရဲ့ အစီအစဉ် တစ်ရပ်ရပ် က ဈေးကွက်ပစ္စည်းတချို့ ရဲ့ ဈေးနှုန်း ကို ချ ပစ်လိုက်တယ် ဆိုရင်၊ အစားထိုး တဲ့ သက်ရောက်မှု တစ်ရပ် ရှိလာတတ်ပါတယ်။ တခြား သုံးနေတဲ့ ပစ္စည်း ကို သက်သာတဲ့ ပစ္စည်း နဲ့ လူတွေ က အစားထိုး သုံးလာကြတာပေါ့။ ဥပမာ တက္ကသိုလ် ပညာရေး အတွက် ကျောင်းလခ ကို အစိုးရ က ပံ့ပိုးတယ်ဆိုရင်၊ အဲဒီ ပညာရေး အတွက် သူတို့ က သုံးမယ့်ငွေ ကို တခြား ပစ္စည်းအတွက် သုံးလိုက်ကြတာပေါ့။ အခြား တစ်ဘက်မှာတော့ လူတွေ ကို ထောက်ပံ့တာကြောင့် လူတွေ ရဲ့ ဘဝ ပိုကောင်းလာတယ်၊ ဒါပေမဲ့ မတူတဲ့ ပစ္စည်းတွေ ရဲ့ နှိုင်းယှဉ်မှု သဘောအရ ဖြစ်နေတဲ့ ဈေးတွေ ကို မပြောင်းဘူး ဆိုရင် ဖြစ်လာတဲ့ ရလာဒ် က ဝင်ငွေ ရဲ့ သက်ရောက်မှု ဖြစ်ပါတယ်။ အထောက်အပံ့ ရတဲ့ လူတွေ က (ဝင်ငွေ တိုးလာတဲ့ သဘောမျိုးကြောင့် - ဘာသာပြန်သူ) သူတို့ အခြေအနေ ပိုကောင်းလာတာကြောင့် သူတို့ ရဲ့ အသုံးစားရိတ် ပုံစံ ကို ပြောင်းလိုက်ကြတာပေါ့။ ကိစ္စတော်တော်များများ မှာ ဝင်ငွေ သက်ရောက်မှု ရော၊ အစားထိုး သက်ရောက်မှု ပါ ရှိတတ်ကြပါတယ်။ နှစ်ခုလုံး က လူတစ်ဦးချင်းစီ ရဲ့ ပြုမူလုပ်ကိုင်ပုံ ကို ပြောင်းလဲတတ်တာပေါ့။ ပုံမှန်အားဖြင့် ဆိုရင်တော့ အစားထိုး သက်ရောက်မှု ကသာ ကုန်သလောက် ခရီးမရောက်တာ (inefficiency) နဲ့ တွဲဖက်နေတတ်ပါတယ်။

ပုံပြ ၁၀.၂ (မူရင်း စာ ၂၇၈)

ပုံပမာ ပြရမယ်ဆိုရင်ပေါ့ .. အစိုးရ က လူတစ်ယောက် ကို အပတ်တိုင်း စားစရာ ၁၀ ဒေါ်လာဖိုး ဝယ်ဖို့ SNAP အထောက်အပံ့ ပေးတယ်လို့ ယူဆလိုက်ရအောင်။ ဒီ မတိုင်ခင်တုံးကတော့ သူ့ ရဲ့ ဘတ်ဂျက် အကန့်အသတ် က ပုံပြ ၁၀.၂ မှာ ပြထားသလို အောက် က လိုင်း ဖြစ်ပါတယ်။ အဲဒီလိုင်း က အစားထိုး သက်ရောက်မှု ကို ပြပါတယ်။ တစ်ဒေါ်လာဖိုး စားစရာ မဝယ်ရင်၊ တခြာ ပစ္စည်း တစ်ဒေါ်လာဖိုး ရနိုင်တာပေါ့။ SNAP အထောက်အပံ့ကြောင့် ဘတ်ဂျက် အကန့်အသတ် ကို ညာဘက် ကို ရွှေ့သွားစေပါတယ်။ ဒီမှာတော့ ဆယ်ဒေါ်လာထက် ပိုပြီး စားစရာ တစ်ဒေါ်လာ ဝယ်မယ် ဆိုရင် တစ်ဒေါ်လာဖိုး တခြား ပစ္စည်း ကို ဝယ်လို့ မရတော့ဘူး။ ဒီမှာ အစားထိုးတဲ့ သက်ရောက်မှု မရှိဘူး။ (အစားထိုး သက်ရောက်မှု က ဈေးသက်သာသွားတဲ့ ပစ္စည်း ကို ဝယ်သုံးတာမို့ အရင်သုံးတဲ့ ပစ္စည်းနေရာမှာ အစားထိုးလိုက်တာကိုး။ ဈေး က အပြောင်းအလဲ မရှိဘူး - ဘာသာပြန်သူ) ဒါပေမဲ့ ဝင်ငွေ ရဲ့ သက်ရောက်မှုတော့ ရှိတယ်။ အခု သူ့မှာ သုံးစရာ ၁၀ ဒေါ်လာ ပို ရှိနေပြီ။ သူ့ ဝင်ငွေ က အတူတူပဲ ဆိုရင်၊ အစားအသောက် နဲ့ ပတ်သက်တဲ့ သူ့ သုံးစွဲပုံ အပေါ် သက်ရောက်မှု က အတူတူပါပဲ။ (ချွင်းချက်ကတော့ သူ က တစ်ပတ် ကို ၁၀ ဒေါ်လာအောက် ပဲ အစားအသောက် အတွက် သုံးမယ်ဆိုရင် ဒါ ချွင်းချက် ဖြစ်ပါတယ်။) SNAP အထောက်အပံ့ က လူတစ်ယောက် ရဲ့ ပြုမူ လုပ်ကိုင်ပုံ ကို ပြောင်းလိုက်ပါတယ်။ သူ ပိုပြီး စားသောက်လာမယ်။ အရင် သုံးစွဲတဲ့ A ထက် B အတိုင်း ဖြစ်လာပါမယ်။ ဒါပေမဲ့ သတိပြုပါ။ သူ က အပိုရလာတဲ့ ၁၀ ဒေါ်လာ အပြည့် ကို အစားအသောက် ပေါ်မှာ သုံးချင်မှ သုံးမှာပါ။ အဲဒီ ပိုက်ဆံ ကို ဝင်ငွေ အားဖြင့် ၁၀ ဒေါ်လာ တိုးလာသလို၊ အစားအသောက် နဲ့ တခြား ပစ္စည်း အပေါ် ဖြန့် သုံးချင်သုံးမှာပေါ့။ ဒီ မှာ အစားထိုး သက်ရောက်မှု မရှိပါဘူး။ ဒါကြောင့် SNAP အစီအစဉ်ကြောင့် ကုန်သလောက် မရတာမျိုး က တွဲလျက် ရှိမနေဘူး။

အစားထိုး သက်ရောက်မှု ကို မြင်နိုင်ဖို့ ဒီလို မြင်ကြည့်ကြရအောင်။ အစိုးရ က အစားအသောက် ဝယ်သမျှ ရဲ့ ၃၀ % ကို ပေးဖို့ သဘောတူတယ် ဆိုကြပါစို့။ ဒါ က အစားအသောက်အတွက် စားရိတ် ကို ကျဉ်းသွားစေလိမ့်မယ်။ ပုံပြ ၁၀.၃ မှာ ဘတ်ဂျက် အကန့်အသတ် အသစ် ကို ပြထားပါတယ်။ ခု အစားထိုး သက်ရောက်မှု ရှိနေပါပြီ။ အစားအသောက် က တခြား ပစ္စည်းတွေ ထက်ဆာရင် ဈေးချိုသွားပါတယ်။ ဒါကြောင့် ဘတ်ဂျက် အကန့်အသတ် လိုင်း က ပြထားသလို လည်သွားတာပါ။ ပုံပြ ၁၀.၂ မှာတော့ အဲဒါနဲ့ ဆန့်ကျင်ဘက်ပါပဲ .. SNAP နဲ့ တွဲဘက်ထားတဲ့ ဘတ်ဂျက် အကန့်အသတ် အသစ် လိုင်း က မူလ ဘတ်ဂျက် အကန့်အသတ် လိုင်း နဲ့ အပြိုင်သွားပါတယ်။ (ပုံပြ ၁၀.၃ မှာ ဝင်ငွေ သက်ရောက်မှုလည်း ရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဈေးပိုချိုလာတဲ့ အစားအသောက်ကြောင့် အစားအသောက် ကို ပို စားသုံးရုံမက၊ တခြား ပစ္စည်းတွေအားလုံးကိုလည်း ပို သုံးစွဲ နိုင်တာကြောင့်ပါ။)

ဝင်ငွေ နဲ့ အစားထိုး သက်ရောက်မှုတွေကြား ကွဲပြားဖို့ အရေးကြီးပါတယ်။ တချို့ ကိစ္စတွေ မှာ အစိုးရ က ဈေးကွက် ပုံပျက်သွားတာ (market distortion) ကို နည်းစေချင် နိုင်ပါတယ်။ ဥပမာအားဖြင့် လက်ဝါးကြီးအုပ် နိုင်တဲ့ ပါဝါကြောင့် ဈေးကွက်မှာ ဝယ်လိုအား၊ ရောင်းလိုအား က ပုံပျက်သွားတာမျိုးပေါ့။ ဒါမှမဟုတ် အစိုးရ က စီးပွါးရေး လုပ်ဆောင်မှု တစ်ရပ်ရပ် ကို အားပေးလိုတဲ့ ဆန္ဒရှိမယ် ဒါမှမဟုတ် အားမပေးချင်ဘူး။ ဒီလို ကိစ္စ

မှာတော့ ကြီးမားတဲ့ အစားထိုး သက်ရောက်မှု ကို အစိုးရ က လိုချင်ကောင်း လိုချင်ပါလိမ့်မယ်။ ဥပမာအားဖြင့် ဆင်းရဲတဲ့သူတွေ က အိမ်တွေ ရဲ့ အရည်အသွေး နဲ့ ပတ်သက်ပြီး လုံလုံလောက်လောက် အလေးမထားဘူး လို့ ယုံကြည်ခဲ့ရင်၊ အစိုးရ က အဲဒီ ဆင်းရဲသူတွေ ဝယ်တဲ့ အိမ်တွေ ရဲ့ အရည်သွေး ပိုကောင်းလာစေလိုတဲ့ ဆန္ဒရှိတယ် ဆိုပါတော့။ အိမ်အတွက် အသုံးစားရိတ် အစိတ်အပိုင်း တစ်ရပ် ကို အစိုးရ က ပေးတဲ့ အစီအစဉ် ဟာ (ရလာဒ် အဖြစ် အစားထိုး သက်ရောက်မှု ရပါမယ်) အိမ်အတွက် ပုံသေ ထောက်ပံ့လိုက်တာထက် ပို ပြီး ထိရောက်နိုင်ပါတယ်။ (ထောက်ပံ့ကြေး က အလွန်မကြီးမားခဲ့ရင်) ပုံသေ ထောက်ပံ့ငွေကြောင့် ဝင်ငွေ သက်ရောက်မှု ရနိုင်တာကြောင့်ပါပဲ။ ကလေးတွေအတွက် အဟာရဓာတ် အပေါ် မိဘတွေ က လုံလောက်အောင် အလေးမထားဘူး လို့ အစိုးရ က စိုးရိမ်တဲ့ ပြဿနာ ကို ကိုင်တွယ်တဲ့အခါမှာလည်း စောစော က ပြောခဲ့တဲ့ ကျိုးကြောင်း ယုတ္တိမျိုးအတိုင်း အသုံးပြု စဉ်းစားနိုင်ပါတယ်။

တစ်ဘက်မှာတော့ လူ တစ်ယောက်ချင်းစီ ရဲ့ ပေါ်များမှု ကို အစိုးရ က အရင်းခံအားဖြင့် စိုးရိမ်မကင်းဖြစ်တယ် ဆိုရင်၊ ဈေးကွက်ကလည်း ကျဆုံးတာ မရှိဘူးဆိုရင်၊ မဖြစ်စလောက် ဆွဲဆောင်မှု ကို မပြောင်းလဲစေတဲ့ အစီအစဉ် က ပို လိုလားဖွယ် ဖြစ်ပါတယ်။ အဲဒီလို အစီအစဉ် က အစားထိုး သက်ရောက်မှု နဲ့ တွဲနေတတ်တဲ့ ကုန်သလောက် ခရီးမရောက်တာမျိုး မဖြစ်တတ်ပါဘူး။

SNAP အစီအစဉ် မှာ ပြောခဲ့တဲ့ အကြောင်းတွေ ကို ပြန်သွားရင်၊ အစားထိုး သက်ရောက်မှုကြောင့် ဖြစ်လာတဲ့ ကုန်သလောက် ခရီးမရောက်တဲ့ အဖြစ်မျိုး ကို ရှောင်နိုင်ဖို့ အစီအစဉ်တွေ ကို ဘယ်လို ဒီဇိုင်းထုတ်ခဲ့သလဲ ဆိုတာ မြင်နိုင်မှာပါ။ ၁၉၆၄ တုံးက အစီအစဉ် ကို လုပ်တော့ အစီအစဉ် မှာ ပါတဲ့သူတွေ က သတ်မှတ်တန်ဖိုးထက် လျော့ပြီး၊ ကူပွန်တွေ ကို ဝယ်ကြရပါတယ်။ ဒါကြောင့် အစိုးရ က ကူပွန် ရဲ့ တန်ဖိုး အစိတ်အပိုင်းတစ်ရပ် ကို ပေးပါတယ်။ ဒေါ်လာ ၁၀၀ တန်တဲ့ ကူပွန် က ဆင်းရဲတဲ့သူအတွက် ဒေါ်လာ ၇၀ ပဲ ကုန်ကျရတဲ့ သဘောပါ။ အစားအသောက် ဝယ်နိုင်တဲ့ ကူပွန် တန်ဖိုး ဒေါ်လာ ၂၀၀၀ အထိ ဆင်းရဲတဲ့သူတွေ ကို ဝယ်ခွင့် ပြုခဲ့ပါတယ်။ တကယ်လို့ ဝယ်သူ က ဒေါ်လာ ၁၀၀၀ တန် ကူပွန် ကို ဝယ်တယ်ဆိုရင်၊ အစိုးရ က စုစုပေါင်း ဒေါ်လာ ၃၀၀ ထောက်ပံ့ပေးတာပါ။ ဒီကနေ့မှာတော့ ဝင်ငွေနည်း လူတွေ ကို အစိုးရ က ထောက်ပံ့ငွေ အသေသတ်မှတ် (fixed amount) ပေးပါတယ်။ အကျိုးခံစားခွင့် ကို အီလက်ထရောနစ်အားဖြင့် လွှဲပြောင်းလို့ရတဲ့ (electronic benefits transfer EBT) ကဒ်ပြား နဲ့ ပေးပါတယ်။ စက္ကူ ကူပွန် မပေးတော့ပါဘူး။ ထည့်ပေးတဲ့ ငွေအတိုင်း ဒါမှမဟုတ် လျော့ပြီး၊ သူ က အစားအသောက်အတွက် သုံးနိုင်ပါတယ်။ ဒါ က ဝင်ငွေ ထောက်ပံ့ငွေ ပေးတာနဲ့ တူပါတယ်။

ကျွန်တော်တို့ တွေ့ခဲ့ကြသလိုပါပဲ၊ အစားအသောက် ကို ဒီလို ထောက်ပံ့ပုံ က ဝင်ငွေ သက်ရောက်မှု ပဲ ရှိတာပါ။ အရင်တုံး က ထောက်ပံ့ပုံကတော့ အစားထိုး သက်ရောက်မှု လည်း ရှိခဲ့ပါတယ်။ အစားထိုး သက်ရောက်မှုကြောင့် ဈေးကွက်မှာ အားနည်းချက် (inefficient) ဖြစ်ရပါတယ်။ အစားအသောက် စားရိတ် အစစ်အမှန် (true cost of groceries) က မပြောင်းပါဘူး။ အစားအသောက် ပေါ်မှာ တစ်ယူနစ် ပို

သုံးတဲ့အခါ၊ အခြား ပစ္စည်း ကို လျှော့သုံးရပါတယ်။ အဲဒီအခါ အခြား ပစ္စည်း အရေအတွက် လျော့သွားပါတယ်။ ဒါကို လူ့အဖွဲ့အစည်း က စွန့်လွှတ်လိုက်ရတဲ့ အရေအတွက် လို့ စီးပွါးရေး သဘောအရ ပြောပါတယ်။ ဒါ ကို အစားအသောက် စားရိတ် အစစ်အမှန် လို့ ပြောတာပါ။ အစားအသောက် အပေါ် သုံးစွဲတာ က နောက်ထပ် တစ်ဒေါ်လာ ပို သွားတဲ့အခါ၊ လူ့အဖွဲ့အစည်း က တစ်ဒေါ်လာ တန်ဖိုး ရှိတဲ့ တခြား ပစ္စည်းတစ်ခု ကို စွန့်လွှတ်လိုက်ရတဲ့ သဘောပါ။ အစားအသောက် ဝယ်ဖို့ကူပွန် လက်မှတ်ပေးတဲ့ မူလ အစီအစဉ် မှာ အစီအစဉ်ထဲ ပါတဲ့ လူတစ်ယောက် က တစ်ဒေါ်လာတန် အစားအသောက် ဝယ်တိုင်း ဆင့် ၇၀ ပဲ ပေးရပါတော့တယ်။

ပုံပြ ၁၀.၄။

ပုံပြ ၁၀.၄ မှာ အစီအစဉ် ပုံစံ အသစ်ကြောင့် အစိုးရ မှာ အကုန်အကျ သက်သာသွားတာ ကို ပြပါတယ်။ ဆင်းရဲတဲ့ သူတွေအတွက်လည်း အထောက်အပံ့ ကို အရင်အတိုင်း ပေါပေါများများ ရတာပါပဲ။ BB လိုင်း က အစားအသောက်အတွက် အထောက်အပံ့ မပေးမီ ဘတ်ဂျက် အကန့်အသတ် လိုင်းပါ။ လိုင်း BKB′ က အစားအစာ ကူပွန်လက်မှတ် ပေးတဲ့ မူလ အစီအစဉ်အောက် မှာ ဘတ်ဂျက် အကန့်အသတ်လိုင်း ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်မှာတော့ အစားအစာ အတွက် ကုန်ကျမှာ ရဲ့ ပုံသေ အချိုးတစ်ခု ကို အကန့်အသတ် တစုံတရာ အထိ အစိုးရ က ပေးပါတယ်။ အဲဒီ အကန့်အသတ် (အထက် မှာ ပြောခဲ့တာ တစ်နှစ် ဒေါ်လာ ၂၀၀၀) ရောက်သွားပြီးတာနဲ့ (ပုံ မှာ အမှတ် K) အစီအစဉ် မှာ ပါတဲ့သူ က အစားအစာ ရဲ့ ဈေး အပြည့်အတိုင်း ပေးရတော့တာပါ။ လူတွေ က ရွေးချယ် လိုက်ကြတာ က အမှတ် E ဖြစ်ပါတယ်။ သူ ဝယ်ယူပုံ မျဉ်းကွေး က အကန့်အသတ် ဘတ်ဂျက် လိုင်း နဲ့ တင်းဂျင့်သဘော (tangent) ထိနေတာ တွေ့ရပါလိမ့်မယ်။ အထောက်အပံ့ ပေးတဲ့ ပမာဏကတော့ တစ်ယောက်ချင်း က ပေးရတာ နဲ့ လူ့အဖွဲ့အစည်း က ပေးလိုက်ရတာ ရဲ့ ခြားနားချက် ပါပဲ။ [ပုံပြမှာတော့] အဲဒါ က လိုင်း ၂ လိုင်း ရဲ့ ထောင်လိုက် ခြားနားချက် ဖြစ်ပါတယ်။ အစားအစာ သုံးစွဲမှု ဟန်ချက်ညီ အဆင့် (equilibrium level of consumption of groceries) မှာ ရှိနေတဲ့ မထောက်ပံ့မီ ဘတ်ဂျက် အကန့်အသတ် လိုင်း နဲ့ ထောက်ပံ့ပြီး ဘတ်ဂျက် အကန့်အသတ် လိုင်း တို့ ကြား ထောင်လိုက် ခြားနားချက် ဖြစ်ပါတယ်။ အကွာအဝေး AE ပါ။

ပုံပြ ၁၀.၄ မှာ အစားအစာအတွက် ပုံသေ အရေအတွက် သဘောအရ သုံးမယ့် ထောက်ပံ့ရေး ဘတ်ဂျက် အကန့်အသတ်လိုင်းလည်း ပါဝင်နေပါတယ်။ အစီအစဉ်တွေ မှာ ပါတဲ့သူတွေ အရင်လိုပဲ ပေါပေါများများ ရမယ် လို့ ကျွန်တော်တို့ ဘယ်လိုသိသလဲ။ ဘာကြောင့်လဲဆိုတော့ ဝင်ငွေ ထောက်ပံ့ကြေး ကို ချမှတ်ထားပြီး ဖြစ်တာကြောင့် အဲဒီ က ဖြစ်ပေါ်လာတဲ့ ဘတ်ဂျက် အကန့်အသတ် ဟာ E ကို ဖြတ်သွားမယ့် သုံးစွဲပုံ

ထူးမခြားနား မျဉ်းကွေး (indifference curve)[††] ပေါ်မှာ တင်းဂျင့်န် မျဉ်းအမှတ် (tangent) ကျလို့ပါ။ သုံးစွဲပုံ ထူးမခြားနား မျဉ်းကွေး ရဲ့ အဓိပ္ပါယ် အရ၊ H အမှတ်မှာ လူတွေ ရဲ့ ကျေနပ်မှု ဟာ E အမှတ်မှာ ကျေနပ်မှု အတိုင်းပါပဲ။ ဒါပေမဲ့ ဂင်ငွေ ထောက်ပံ့ပုံ က အစိုးရ အတွက် ကုန်ကျစားရိတ် နည်းသွားစေပါတယ်။ ထပ်ပြီးပြောရရင်၊ မထောက်ပံ့မီ ဘတ်ဂျက် အကန့်အသတ် လိုင်း နဲ့ ထောက်ပံ့ပြီး ဘတ်ဂျက် အကန့်အသတ် လိုင်း ၂ ခု ကြား ထောင်လိုက် အကွာအဝေး က အစိုးရ ရဲ့ အစီအစဉ် ကုန်ကျစားရိတ် ကို ကိုယ်စားပြုပါတယ်။ ထော ထောက်ပံ့ကြေး ပမာဏ HF က ၃၀% ထောက်ပံ့ပုံ AE ထက် ငယ်ပါတယ်။ ဘာကြောင့် ဒီလို ဖြစ်ရတယ် ဆိုတဲ့ အကြောင်းကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ လူတွေ က မဖြစ်စလောက် ပမာဏ ချို ပေးရတဲ့အခါ (တစ်ဒေါ်လာ အတွက် ပိုတန်တဲ့ အစားအသောက်အတွက် တစ်ဒေါ်လာပဲ ပေးရတဲ့အခါ) အစားအသောက် ပို စားရတာ တန်တယ်လို့ ထင်ကြပါတယ်။ အဲဒီ တန်လို့ ပိုစားလိုက်တဲ့အခါ (ပိုမစားဘူး ဆိုခဲ့ရင် အဲဒီ ပိုစားလိုက်လို့ ပိုကုန်သွားတဲ့ ငွေ တခြားပစ္စည်းပေါ် သုံးနိုင်မှာပေါ့ - ဘာသာပြန်သူ) တခြား ပစ္စည်းတွေ အပေါ်မှာ သုံးနိုင်မယ့် ပိုက်ဆံ ကို သူတို့ စွန့်လွှတ်လိုက်ရတာပါ။ ဒါပေမဲ့ လူတွေ ကို အစားအသောက် ကုန်ငွေလို့ ယူဆတဲ့ ပမာဏ ရဲ့ ၃၀% ကို ထောက်ပံ့ငွေ အဖြစ် ပေးလိုက်တဲ့အခါ၊ တစ်ဒေါ်လာတန်ပစ္စည်း ကို ဂယ်လိုက်တိုင်း၊ သူ့အတွက် ဆင့် ၇၀ နဲ့ ညီမျှပေမဲ့ ပေါက်ဈေးအရ တစ်ဒေါ်လာ ဆိုတဲ့ ပမာဏ မှာပဲ သူ ဂယ်တာ က ရပ်သွားပါတော့တယ်။

ဒါပေမဲ့ သတိပြုရမှာကတော့ ပုံစံအသစ် နဲ့ ထောက်ပံ့ပုံ မှာ လူတွေ က အရင်ပုံစံမှာထက် အစားအသောက် စားသုံးတာ လျော့သွားတဲ့ အချက် ပါပဲ။ တကယ်လို့ အစိုးရ အစီအစဉ် ရဲ့ ရည်ရွယ်ချက် က လူတွေ ကို ပိုစားလာအောင် အားပေးတာ ဆိုရင်၊ (ဘာကြောင့်လဲဆိုတော့ လူတွေ ဟာ .. အင်ပြည့်အားပြည့် အသုံးကျကျ လုပ်နိုင်ဖို့ ဆိုတဲ့ ထောင့် က ပြောရင် .. လုံလုံလောက်လောက် မစားကြဘူး လို့ အစိုးရ က ယုံကြည်တယ် ဆိုပါတော့) အရင်ပုံစံ က ပိုပြီး ထိရောက်ပါတယ်။ အဲဒီ အရင် ပုံစံ မှာ အစိုးရ က ဆင်းရဲတဲ့သူတွေ အတွက် အစားအသောက် ဈေးနှုန်း ကို ချပေးလိုက်တာကိုး။

ခွဲဖြန့်ပုံ အကျိုးဆက်များ

အစိုးရ လုပ်ထားတဲ့ အစီအစဉ်တစ်ရပ်ကနေ ဘယ်သူတွေ တကယ် အကျိုးခံစားရသလဲ ဆိုတာ သေချာအောင် လုပ်ဖို့ အမြဲလို မလွယ်တတ်ပါဘူး။ ဥပမာ Medicare ခေါ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ် ဆိုပါတော့။ အဲဒီ အစီအစဉ် အောက်မှာ အသက်ကြီးသူတွေ ကို ကျန်းမာရေး စောင့်ရှောက်မှု ပေးတဲ့ အစီအစဉ်ပေါ့။ ဒီ အစီအစဉ်ကနေ အသက်ကြီးသူတွေ အတွက် တော်တော်ကြီး အကျိုးဖြစ်တာ ရှင်းပါတယ်။ ဒါပေမဲ့ (အစိုးရ ကသာ မထောက်ပံ့ရင် - ဘာသာပြန်သူ) သက်ကြီး ရွယ်အိုတွေ အတွက် မိသားစု က ထောက်ပံ့ရမှာ ကို အစိုးရ က ဂင် အစားထိုးလိုက်တာကြောင့် (ပုဂ္ဂလိက အသုံးစားရိတ် ကို အစိုးရ အသုံးစားရိတ် က ဖယ်ထုတ်လိုက်တာ) အဲဒီ အစားထိုးလိုက်တဲ့ အတိုင်းအတာအလျောက်

---

††

တကယ့်အစစ်အမှန် အကျိုးများသွားသူတွေ က သက်ကြီးရွယ်အိုတွေ မဟုတ်ဘဲ၊ သူတို့ ကလေးတွေ ဖြစ်သွားပါတယ်။ ဒီလိုမျိုး ဆန်းစစ်သုံးသပ်နည်းမျိုး နဲ့ စီးပွါးရေး ပညာရှင်တွေ က အစိုးရ ရဲ့ အစီအစဉ် ဒါမှမဟုတ် အခွန် ကြောင့် ဖြစ်ပေါ်လာတဲ့ အဲဒီလို (ခုတ်ရာတခြား၊ လျှုရာတခြား - ဘာသာပြန်သူ) ဖြစ်ပွါးပုံ ရဲ့ ဂုဏ်သတ္တိ ကို ဖော်ထုတ်နိုင်အောင် ရှာဖွေနေကြပါတယ်။ အစီအစဉ် ဒါမှမဟုတ် အခွန်ကြောင့် ဘယ်သူတွေ က နောက်ဆုံး အကျိုးခံစားရ၊ ဘယ်သူတွေ က နစ်နာသွား ဒါမှမဟုတ် ဘယ်သူတွေ က အဲဒီ ဝန်ကို ထမ်းလိုက်ရသလဲ ဆိုတဲ့ မေးခွန်း ရဲ့ အဖြေတွေ ကို သူတို့ က ရှာနေကြတာပါ။

အစိုးရ ရဲ့ အစီအစဉ်တွေ က မကြာခဏ ဆိုသလိုပဲ ပုဂ္ဂလိက ကဏ္ဍ က တုံ့ပြန်ပုံမျိုးစုံ ကို ဖြစ်စေပါတယ်။ ရလာဒ်ကတော့ ဈေးနှုန်းတွေ မှာ အပြောင်းအလဲ ဖြစ်တာပါပဲ။ ဒါကြောင့်မို့ အစီအစဉ်တစ်ရပ် ရဲ့ သက်ရောက်မှု က တိုက်ရိုက် အသက်ရောက်ခံရတဲ့ လူတွေ ထက်ကို ကျော်လွန်သွားတတ်ပါတယ်။ မကြာခဏဆိုသလိုပဲ၊ အကျိုးများသူတွေ က ရည်ရွယ်သူတွေ မဟုတ်ဘဲ ကွဲပြားနေတတ်ပါတယ်။ ဆင်းရဲတဲ့သူတွေ အတွက် ပုဂ္ဂလိက အိမ်ယာတွေ ကို ပံ့ပိုးတဲ့ ဖက်ဒရယ် အစိုးရ အစီအစဉ်ကြောင့် အိမ်ယာဈေးတွေ တက်ပြီး၊ တကယ့် အကျိုးများတာ က ဆင်းရဲသားတွေ မဟုတ်ဘဲ၊ အနည်းဆုံး ရေတိုသဘောအရ ပုံကျ အိမ်ယာ မြေရှင်ယာရှင်တွေ ဖြစ်သွားတာ အပေါ် စိုးရိမ်မကင်းဖြစ်တာတွေ ရှိပါတယ်။

ပုံ

ပုံပြ ၁၀.၅။ အစိုးရ အသုံးစားရိတ် အစီအစဉ်ကြောင့် ရေတို နဲ့ ရေရှည် (ခုတ်ရာတခြား၊ ရှရာ တခြား) ဖြစ်ပွါးပုံ။ (A) ရေတို မှာ အစီအစဉ်ကြောင့် အရေအတွက်ထက် ဈေးနှုန်း တက်ကောင်း တက်နိုင်ပါတယ်။ ဆင်းရဲတဲ့သူတွေ ပို ကောင်းတဲ့ အိမ်ယာတွေ ရအောင် ကူညီတဲ့ ပံ့ပိုးမှုကနေ အိမ်ရှင်တွေ က အကျိုးရှိကောင်း ရှိမှာပါ။ (B) ရေရှည်မှာတော့ ထုတ်ကုန် တုံ့ပြန်ပုံ (output response) - ထုတ်ကုန် ဆိုတာ အိမ်ယာ အရေအတွက် ကို ပြောတာပါ - ဒါမှမဟုတ် အိမ်ယာ အရေအတွက် က ပိုမို ကြီးမားလာပြီး၊ ဈေးနှုန်း တုံ့ပြန်ပုံ က သေးသွားပါတယ်။

ပုံပြ ၁၀.၅ မှာ အစိုးရ ထောက်ပံ့ရေး အစီအစဉ် ရဲ့ သက်ရောက်မှု ကို ပြထားပါတယ်။ အဲဒီ မှာ အိမ်ယာ ဝယ်လိုအား နဲ့ ရောင်းလိုအား ကို ပြထားပါတယ်။ ရေတိုမှာတော့ (ပုံပြ ၁၀.၅ A) အိမ်ယာ ရောင်းလိုအား က အလွန့် ကို ပျောင်းညွတ်မှု မရှိဘူး လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်ယာအသစ်တွေ ဆောက်ဖို့အတွက် အချိန် ယူရလို့ပါ။ အစိုးရ က အိမ်ယာအတွက် ယေဘူယျအားဖြင့် ထောက်ပံ့ဖို့ ဆုံးဖြတ်လိုက်တယ်လို့ ယူဆရအောင်။ ဒါ ရဲ့ သက်ရောက်မှုကတော့ အိမ်ယာ ငှါးလို ဝယ်လိုအား မြင့်မားလာတာပါပဲ။ (ဝယ်လိုအား မျဉ်းကြောင်း က အထက် ကို ရွှေ့သွားတယ်။)

ပုံပြထဲမှာတော့ ထောက်ပံ့မှု တစ်ခုလုံး ကို ဈေးနှုန်း တက်တာ က ထင်ဟပ်နေပါတယ်။ အိမ်ယာဝန်ဆောင်မှုပေးတဲ့ တကယ့်အဆင့် က အတော့် ကို နည်းနည်းပဲ တက်တာပါ။ ရေရှည်မှာတော့ ရောင်းလိုအား က ကြီးမားလာစရာ ရှိပေတာပေါ့။ ပုံပြ ၁၀.၅ B မှာ ရေရှည် ဝယ်လိုအား မျဉ်း က အတော်လေး တန်းနေပါတယ်။ ဈေးနှုန်း ရာနှုန်း နည်းနည်း တက်တာနဲ့ လုံလောက်တဲ့ အချိန်သာ ပေးမယ်ဆိုရင် အိမ်ယာ ရောင်းလိုအား ကို အတော်အတန် ကြီးမားစေနိုင်ပါတယ်။ ရေတိုမှာတော့၊ အိမ်ယာထောက်ပံ့တဲ့ အစီအစဉ် ရဲ့ အကျိုး ကို ခံစားရတာ က လက်ရှိ အိမ်ပိုင်တွေ ပါပဲ။ အိမ်ငှါးတွေ အတွက်ကတော့ သူတို့ ကို ပံ့ပိုးပေးလိုက်တာ ကို ငှါးခ တက်သွားတဲ့ ဈေးထဲမှာ တွေ့ကြရတာပါ။ ( p ကနေ p' ကို အရွေ့) ဒါပေမဲ့ ရေရှည်မှာတော့ အိမ်ငှါးတွေ က ပိုကောင်းမှာပါ။ အိမ်ယာအရေအတွက် တိုးလာတာ (Q ကနေ Q' ကို အရွေ့) က အငှါးဈေး မတက်အောင် ကန့်သတ်လိုက်လို့ ဖြစ်ပါတယ်။

လူအများ ခရီးသွားလာရေး ပံ့ပိုးမှုတွေကလည်း နောက်ထပ် ဥပမာ ဖြစ်ပါတယ်။ မြေအောက် ရထား စနစ်သစ် ကနေ ဘယ်သူ အကျိုးဖြစ်သလဲ။ ပထမ တစ်ချက် ကြည့်လိုက်ရင်တော့ မြေအောက် ရထား စီးကြမယ့် သူတွေ ပေါ့ လို့ သိသိသာသာကြီး ဖြေစရာ ရှိပါတယ်။ ဒါပေမဲ့ ဒါ က မှားကောင်း မှား နိုင်ပေတာပေါ့။ မြေအောက် ရထား လမ်း ပြီးသွားတာနဲ့ ရထား ဘူတာနား က အိမ်တွေ နဲ့ တိုက်ခန်းတွေ ကို ရှာကြတာ များလာမှာပါ။ အဲဒီနေရာတွေ မှာ နေချင်ကြတဲ့ ငှါး/ဝယ်လိုအား တက်လာတာ ကို ပိုင်ရှင်တွေ က တက်လိုက်တဲ့ အိမ်ငှားခတွေ (နဲ့ အိမ်တွေ နဲ့ တိုက်ခန်းဈေးနှုန်းတွေ) က ထင်ဟပ်နေပါလိမ့်မယ်။ ပိုကောင်းတဲ့ မြေအောက် သွားလာရေး ဝန်ဆောင်မှုကြောင့် အိမ်ယာ မပိုင်ဆိုင်ကြတဲ့ ရထားစီးသူတွေ အတွက် ပို ကောင်းလာတာ ကို တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ အိမ်ငှါးခတွေ တက်သွားတဲ့အတွက် ဆိုးသွားပါလိမ့်မယ်။ သက်ရောက်မှု နှစ်ခု က တစ်ခု ကို တစ်ခု ချေဖျက်လိုက်သလို ဖြစ်မှာပါ။ တကယ့် အစစ်အမှန် အကျိုးကျေးဇူး ရှိသွားသူတွေ ကတော့ အဲဒီ ရထားလမ်းပေါ် ဘူတာတွေ နဲ့ နီးနီးနားနား က အိမ်မြေ ပိုင်ဆိုင်သူတွေ ပါပဲ။

မြေအောက်ရထား ဥပမာ က ယေဘူယျ မူတစ်ရပ် ကို ပြနေပါတယ်။ အစိုးရ အစီအစဉ်တွေ ရဲ့ အကျိုးတွေ ကို ရရှိတာ နဲ့ တွဲဆက်ပြီး၊ ရှားရှားပါးပါး ပိုင်ဆိုင်ထားတဲ့ တန်ဖိုးတွေအနေနဲ့ ရင်းနှီးမတည် အမြတ်ထုတ် သွားနိုင်ကြတယ်။ အဲဒီလို အနေအထား မှာ တကယ့် အစစ်အမှန် အကျိုးများသူတွေကတော့ အစီအစဉ် ကို ကျေညာလိုက်တဲ့ အချိန်မှာ (ဒါမှမဟုတ် ဆုံးဖြတ်လိုက်တဲ့အခါ၊ ဒါမှမဟုတ် အစီအစဉ် ကတော့ ကျမှာပဲ လို့ ယုံကြည်လာကြတဲ့အခါ) အဲဒီလို ပိုင်ဆိုင်မှု ရှိတဲ့ သူတွေ ပါပဲ။ ဒီ သဘောအတိုင်းပါပဲ .. အစိုးရ အစီအစဉ်တစ်ရပ် ရဲ့ ကုန်ကျစားရိတ်တွေ အပေါ်မှာ မကြာခဏ ဆိုသလိုပဲ အရင်းပြုမတည် အမြတ်ထုတ် သွားကြတာ ရှိပါတယ်။ ဒါကြောင့် မြေ အပေါ် အခွန် က မြေ ရဲ့ တန်ဖိုး ကို ထင်ဟပ်နေတာပေါ့။ အခွန် ကို ကျေညာလိုက်တဲ့ အချိန်မှာ (ဒါမှမဟုတ် ဆုံးဖြတ်လိုက်တဲ့အခါ၊ ဒါမှမဟုတ် အခွန် ကတော့ ချမှာပဲ လို့ ယုံကြည်လာကြတဲ့အခါ) ပိုင်ဆိုင်မှု ရှိထားသူတွေ က တကယ့် ကုန်ကျစားရိတ် ကို ခံ လိုက်ကြရတဲ့ သူတွေ ဖြ ဖြစ်ပါတယ်။ အစိုးရ အစီအစဉ်တစ်ခု ရဲ့ အကျိုး ကို ခံစားရသူတွေ အဖြစ် ရည်ရွယ်ထားသူတွေ က အကျိုးမဖြစ်ဘဲ၊ တခြား သူတွေ က အကျိုးရှိသူတွေ ဖြစ်လာတဲ့အခါ၊ အကျိုးခံစားခွင့်တွေ အရွေ့ခံလိုက်ရပြီ လို့

စီးပွါးရေး ပညာရှင်တွေ က ပြောကြပါတယ်။ ဒါမှမဟုတ် တကယ်ဖြစ်တာ က ရည်ရွယ်ထားသလို ဖြစ်တာ မဟုတ် တဲ့ (အကျိုးကျေးဇူးတွေ ခံစားသွားတာ က ရည်ရွယ်သူတွေ မဟုတ်တဲ့) ခုတ်ရာတခြား ရှတာတခြား ဖြစ်တယ်လို့ ပြောပါတယ်။ အစိုးရ အစီအစဉ်တွေ ရဲ့ အဲဒီလို ဖြစ်ပွါးပုံတွေ ကို ဆုံးဖြတ်နိုင်ဖို့ မကြာသေးမီ နှစ်တွေ အတွင်း က သုတေသနတွေ အတော်လေး လုပ်ခဲ့ကြတာပေ့ါ။

**ဝေငှပုံ အကျိုးဆက်များ ကို ချင့်တွက် အဖိုးဖြတ်ခြင်း။ (Evaluationg the Distributional Consequences)**

ပြောခဲ့သလိုပါပဲ၊ အစိုးရ ရဲ့ မတူတဲ့ အစီအစဉ်တွေ ကနေ မတူတဲ့ သူတွေ က မတူတဲ့ အကျိုးခံစားခွင့်တွေ ကို ရရှိကြပါတယ်။ တစ်ယောက်ချင်းစီ က ဘယ်လောက် အကျိုးခံစားရတယ် ဆိုတာ ကို ဖော်ထုတ်နိုင်ဖို့ သိသိသာသာကြီး မဖြစ်နိုင်ပေမဲ့၊ လူ့အဖွဲ့အစည်းအတွင်း က မတူတဲ့ အုပ်စုတွေ အပေါ် ခွဲခွဲခြားခြား (differentially) သက်ရောက်သလဲ ဆိုတာ ကို သိဖို့ က အရေးကြီးကောင်း အရေးကြီး မှာပါ။ ဘယ်အုပ်စု ပေါ် အာရုံစူးစိုက်သလဲ ဆိုတာ က အစီအစဉ်တစ်ခု နဲ့ တစ်ခု တူချင် မှ တူမှာပေ့ါ။ တစုံတရာသော ဂင်ငွေ အုပ်စု အတွင်းမှာတောင် အကျိုးခံစားရတာ က အမျိုးအမျိုး ဖြစ်ကောင်း ဖြစ်နိုင်ပေတာပေ့ါ။ တစုံတရာသော ဂင်ငွေအောက် ကျနေရှာတဲ့ မိသားစုတွေ ကို အေးတဲ့ အချိန် မှာ အပူဓာတ်ရအောင် သုံးရတဲ့ စက်ရဲ့ ဆီဖိုး အသုံးစားရိတ် ပြန်အမ်းပေးတဲ့ အစိုးရ အစီအစဉ် မှာ ချမ်းသာတဲ့ သူထက် ဆင်းရဲတဲ့သူ ကို ပို အကျိုးရှိစေတာ သိသာပါတယ်။ ဒါပေမဲ့ တချို့ ဆင်းရဲသူတွေ က (အပူစက်သုံး ဆီ အများကြီး သုံးရတဲ့ ဆင်းရဲသူတွေ အအေးပိုင်း ဒေသ က ဆင်းရဲသူတွေ က အပူပိုင်းဒေသ က) တချို့ ဆင်းရဲသူတွေ ထက် ပို အကျိုးခံစားခွင့် ရတာပေ့ါ။) ဆင်းရဲသားတွေ ကြားမှာ အပူအတွက် ဆီ သုံးစွဲပုံ က အမျိုးမျိုး ကွာဟာချက် ကြီးမားနေတယ် ဆိုရင်၊ အထူးသဖြင့် အပူပေး ဆီ အမြောက်အများ သုံးစွဲသူတွေ ကို ထောက်ပံ့ဖို့ ထိုက်တယ် လို့ မမြင်ရင်၊ ခုလို ဆင်းရဲသားတွေ ကို ကူညီဖို့ အသုံးစားရိတ် ပြန်အမ်းပေးတဲ့ အစီအစဉ်မျိုး ဟာ မျှတမှု မရှိဘူး လို့ ရှုမြင်ကောင်း ရှုမြင်ကြပါလိမ့်မယ်။

**ပညာရေး အခွန် သက်သာခွင့် မှာ ဖြစ်တဲ့ ခုတ်ရာတခြား ရှရာတခြား ဖြစ်ပွါးပုံများ**

အမှတ် ပျမ်းမျှ ဘီ ရတဲ့ ကျောင်းသားတွေ ကို ကောလိပ် ကျောင်းလခ မှာ ပထမ ၂ နှစ် အတွက် အခွန် သက်သာခွင့် ဒေါ်လာ ၁၅ဂဂ ပေးဖို့ သမ္မတ ကလင်တန် က ၁၉၉၆ ရွေးကောက်ပွဲ မဲဆွယ်ပွဲ မှာ အဆိုပြုခဲ့ပါတယ်။ ပျမ်းမျှ အမှတ်အဆင့် ဘီ လိုအပ်ချက် က ကျောင်းသားတွေ ကို ပို ကြိုးစားအောင် ရည်ရွယ်တာပါ။ ဒီလို ကောလိပ် ကျောင်းလခ အခွန်သက်သာခွင့် အရ၊ ဂင်ငွေ အလယ်အလတ် မိသားစုတွေ ဟာ သူတို့ ရဲ့ ပထမနှစ် သမီး ကျောင်းလခအတွက် ဒေါ်လာ ၂ဂဂဂ ပေးရမယ် ဆိုရင်၊ အခွန်ငွေ ထဲကနေ ဒေါ်လာ ၁၅ဂဂ ကို သက်သာခွင့်အဖြစ် လျှော့ပေးမှာ ဖြစ်ပါတယ်။ တကယ်လို့ အခွန်အပြည့်ကို ပေးပြီးသား ဆိုရင် (သူတို့ နိုင်ငံ မှာ လခ ပေးကတည်း က အခွန် ကို ဖြတ်ထားပြီးသားပါ - ဘာသာပြန်သူ) ဖက်ဒရယ် အစိုးရ က အဲဒီထဲ က ဒေါ်လာ ၁၅ဂဂ အတွက် ကျသင့် အခွန် ကို ချက်လက်မှတ် နဲ့ ပြန်အမ်းမှာ ဖြစ်ပါတယ်။ ကျသင့် အခွန်ငွေ ထဲကနေ ဒေါ်လာ ၁၅ဂဂ ကို တိုက်ရိုက် နှုတ်ထားနိုင်တဲ့အတွက် ခုလို အစိုးရ ဆီ သွား၊ အစိုးရ က ပြန်ပို့ ဆိုတဲ့ "အသွားအပြန် ခရီး တစ်ပတ်" ကို ရှောင်နိုင်ပါတယ်။

အခွန်သက်သာခွင့် ရဲ့ ရည်ရွယ်ချက် က ကောလိပ် မှာ ကလေးရှိတဲ့ အလယ်အလတ်တန်းစား မိသားစုတွေ ကို ကူညီဖို့၊ ကောလိပ် ပို တက်လာအောင်လို့၊ ကျောင်းတွေ ပိုပြီး အရည်အသွေးမီမီ ဆောင်ရွက်နိုင်အောင် အားပေးဖို့ ဖြစ်ပေမဲ့၊ တကယ်ဖြစ်သွားတာ (true incidence) နဲ့ ပတ်သက်ပြီး၊ အတော်အတန် အငြင်းပွါးစရာ ရှိပါတယ်။

Community College လို့ ခေါ်တဲ့ ပညာဆက်သင်ချင်သူတိုင်း တက်နိုင်အောင် စီစဉ်ထားတဲ့ ကောလိပ် တွေ မှာ ပညာသင်ဖို့ ပြည်နယ် အစိုးရ တော်တော်များများ က သတ်မှတ်ထားတဲ့ ကျောင်းလခ က ဒေါ်လာ ၁၅၀၀ ထက် နည်းကြပါတယ်။ အစိုးရတွေ က ကျောင်းလခတွေ (ဖြစ်နိုင်တာကတော့ တဖြည်းဖြည်း နဲ့) မြှင့်လာကြမှာ ကို စိုးရိမ်မကင်း ဖြစ်ကြပေတာပေါ့။

ဖက်ဒရယ် အစိုးရ က အဲဒီထဲ က ဒေါ်လာ ၁၅၀၀ အတွက် ကျသင့် အခွန် ကို ချက်လက်မှတ် နဲ့ ပြန်အမ်းမှာ ဖြစ်ပါတယ်။ ကျသင့် အခွန်ငွေ ထဲကနေ ဒေါ်လာ ၁၅၀၀ ကို တိုက်ရိုက် နှုတ်ထားနိုင်တဲ့အတွက် ခုလို အစိုးရ ဆီ အခွန်ငွေ က သွား၊ အစိုးရ က သက်သာခွင့် ပြန်ပို့ ဆိုတဲ့ "အသွားအပြန် ခရီး တစ်ပတ်" ကို ရှောင်နိုင်ပါတယ်။

အခွန်သက်သာခွင့် ရဲ့ ရည်ရွယ်ချက် က ကောလိပ် မှာ ကလေးရှိတဲ့ အလယ်အလတ်တန်းစား မိသားစုတွေ ကို ကူညီဖို့၊ ကောလိပ် ပို တက်လာအောင်လို့၊ ကျောင်းတွေ ပိုပြီး အရည်အသွေးမီမီ ဆောင်ရွက်နိုင်အောင် အားပေးဖို့ ဖြစ်ပေမဲ့၊ တကယ်ဖြစ်သွားတာ (true incidence) နဲ့ ပတ်သက်ပြီး၊ အတော်အတန် အငြင်းပွါးစရာ ရှိပါတယ်။

- Community College လို့ ခေါ်တဲ့ ပညာဆက်သင်ချင်သူတိုင်း တက်နိုင်အောင် စီစဉ်ထားတဲ့ ကောလိပ် တွေ မှာ ပညာသင်ဖို့ ပြည်နယ် အစိုးရ တော်တော်များများ က သတ်မှတ်ထားတဲ့ ကျောင်းလခ က ဒေါ်လာ ၁၅၀၀ ထက် နည်းကြပါတယ်။ အစိုးရတွေ က ကျောင်းလခတွေ (ဖြ (ဖြစ်နိုင်တာကတော့ တဖြည်းဖြည်း နဲ့) မြှင့်လာကြမှာ ကို စိုးရိမ်မကင်း ဖြစ်ကြပေတာပေါ့။ ဖက်ဒရယ် အစိုးရ ဆီ က အခွန် သက်သာခွင့် ဒေါ်လာ ၁၅၀၀ နဲ့ ဆိုတော့ လူတိုင်း ကိုယ်စီ က ကျောင်းလခ အတွက် ပိုပေးနိုင်ကြမှာ မဟုတ်လား။
- အခွန် သက်သာခွင့် မရရှိတဲ့ မိဘတွေ အတွက် ပညာသင်ဆု (စကောလားရှစ်) ပေးခြင်းအားဖြင့် မြင့်တက်လာတဲ့ ကျောင်းလခ စားရိတ် ကို ကောလိပ်တွေ က ထေပေးနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလို လုပ်မပေးနိုင်တဲ့ ကျောင်းတွေ မှာတော့ ကောလိပ်တက်တဲ့ စားရိတ် က ပိုပြီး တတ်နိုင်တာ မဟုတ်ဘဲ၊ သိပ်မတတ်နိုင်တဲ့ အဖြစ် ကို ကြုံရမှာပါ။ ဘာကြောင့်လဲ ဆိုတော့ ကောလိပ် ကို အမှတ်အဆင့် အေ နဲ့ ဘီ ရတဲ့ ကျောင်းသားတွေ က သွားနိုင်ပြီးသား ဖြစ်တာကြောင့် အဲဒီ အမှတ်အဆင့် က ကျောင်းသားတွေ ကောလိပ် ပို တက်ဖြစ်အောင် အဆိုပြု အစီအစဉ် က လုပ်ကောင်းမှ လုပ်နိုင်မှာ ဖြစ်ပါတယ်။

- (စာ ၂၀ အဆက်) ဒါပေမဲ့ အမှတ် အဆင့် စီ ကျောင်းသားတွေ ကျောင်းတက်နိုင်တာတော့ လျော့သွားအောင် လုပ်သလို ဖြစ်ကောင်း ဖြစ်သွားမှာပါ။ တစ်ဘာသာအားဖြင့် အမှတ် ကို စီ အဆင့် လို နိမ့်ပေးလိုက်ရင်၊ အခွန်သက်သာခွင့် မရတော့လို့ ကျောင်းသားတစ်ယောက် ကောလိပ် မှာ ဆက်တက်ဖို့ ပိတ်ပင်လိုက်သလို ဖြစ်သွားမှာ စိုးရိမ်တာကြောင့် ဆရာ၊ ဆရာမတွေကလည်း အမှတ်တွေ မြှင့်ပေးကြတဲ့ အဖြစ် ဖြစ်ကောင်းလည်း ဖြစ်သွားနိုင်ပါတယ်။ အဲဒီလို အမှတ် ဖောင်းပွသွားတဲ့အခါ၊ ပိုတော်တဲ့ ကျောင်းသားတွေ အဖို့ ကြိုးစားရသမျှ မက်လုံး ကလည်း နည်းသွားနိုင်ပေတာပေါ့။
- တကယ်လို့ ပြည်နယ်တွေ က သူတို့ ရဲ့ ကျောင်းလခတွေ ကို မြှင့်လိုက်တယ် ဆိုရင် (အမေရိကန် မှာ ပြည်နယ် အစိုးရ ဘဏ္ဍာငွေ နဲ့ ကောလိပ် နဲ့ တက္ကသိုလ်တွေ ထူထောင်ထားတာ ရှိသလို၊ အစိုးရ က ပုဂ္ဂလိက တက္ကသိုလ် ကောလိပ်တွေ ကို ပံ့ပိုး ရံပုံငွေ (grant) ပေးတာလည်း ရှိပါတယ်။
- အဲဒီ ပံ့ပိုးငွေ အသုံးပြုပုံ က အမျိုးမျိုး ရှိနိုင်ပါတယ်။ - ဘာသာပြန်သူ) အကျိုးခံစားခွင့်တွေ က အခွန်ထမ်း ပြည်သူ ထက် ပြည်နယ် အစိုးရတွေ ဆီ ကို သွားမှာပါ။ ဒါ က "တကယ့် အဖြစ်မှန်" ပါပဲ။ တကယ်လို့ ပြည်နယ်တွေ က တက်လာတဲ့ ကျောင်းလခ ဝင်ငွေတွေ ကို ပညာရေး အပေါ်မှာပဲ သုံးတယ်ဆိုရင်၊ ပညာရေး ကို အထောက်အကူ ဖြစ်ကောင်း ဖြစ်မှာပါ။ တစ်ဘက်မှာတော့ ပြည်နယ် အစိုးရ က ပညာရေး အသုံးစားရိတ် ကို လျှော့ချကောင်း လျှော့ချပြီး၊ အခွန်ထမ်း ပြ ပြည်သူတွေအတွက် အခွန်လျှော့ပေါ့ ပေးကောင်းပေးနိုင်ပါတယ်။ ဒါဆိုရင်တော့ ကောလိပ်မှာ ကလေးရှိသူတွေ မကတော့ဘဲ၊ ပြည်နယ်တွင်း က အခွန်ထမ်းပြည်သူတွေ က အကျိုးခံစားရတဲ့ တကယ့် အဖြစ်မှန် ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ ပြည်နယ် က ထိပ်ပိုင်း ကိုပဲ အခွန် လျှော့ပေါ့ ပေးတယ်ဆိုရင် လူလတ်တန်းစား အတွက် အခွန်လျှော့ပေး တဲ့ ပုံ ပေါက်ပေမဲ့၊ အဲဒီ အရွေ့ကြောင့် ဝင်ငွေမြင့်သူတွေ အတွက် အခွန်လျှော့ပေးတာပဲ ဖြစ်သွားမှာပါ။
- အလားတူပဲ၊ တက္ကသိုလ် ဆရာတွေ ကို လခ ပိုပေးနိုင်အောင် ဒါမှမဟုတ် သုတေသန အတွက် ပို ထောက်ပံ့နိုင်အောင်၊ ပုဂ္ဂလိက ကျောင်းတွေ ကိုလည်း ကျောင်းလခတွေ တက်အောင် လုပ်လို့ ရပါတယ်။ ဒီတခါလည်း ဖြစ်ပွါးပုံ က ရည်ရွယ်တာ နဲ့ တခြား ဖြစ်ဦးမှာပါ။

---

ဒီလို မလျော်ကန်တဲ့ ဆွဲဆောင်မှု သက်ရောက်ပုံ တချို့ အပေါ် စိုးရိမ်မကင်းဖြစ်လာတဲ့ ရလာဒ် နဲ့ အကောင်အထည်ဖော်ရာမှာ ရှုပ်ထွေးမှုတွေကြောင့်လည်း အမှတ်အဆင့် ဘီ လိုအပ်ချက် ကို ၁၉၉၇ အခွန်ထမ်းဆောင်သူများ သက်သာခွင့် ဥပဒေ ရဲ့ အစိတ်အပိုင်းတစ်ရပ် အဖြစ်၊ မျှော်လင့်ချက် နှင့် ဘဝ တစ်သက်တာ သင်ယူရေး အခွန် ကင်းလွတ်ခွင့် ဥပဒေ [မျှော်လင့်ချက် (The Hope Tax Credit) အခွန် သက်သာခွင့် ဥပဒေ ကို ချဲ့ပြီး၊ အမေရိကန် အခွင့်အလမ်းဆိုင်ရာ အခွန် ကင်းလွတ်ခွင့် (American Opportunity Tax Credit) လို့ ၂၀၀၉ မှာ နာမည် ပြင်လိုက်ပါတယ်။

---

(စာ ၂၁ အဆက်) သတင်းရင်းမြစ်။ Department of Education, *Funding Education Beyond High School: The Guide to Federal Student Aid 2009-2010,* www.FederalStudentAide.ed.gov; Internal Revenue Service, *IRS Publication 970 – Tax Benefits for Higher Education,* www.irs.gov; and Benjamin Rue Silliman, "College Tuition Act Credits: An Examination of the impact of the American Opportunity, HOPE, and Lifetime Learning Tax Credits Since 1998", *Proceedings of ASBBS* 18, no. 1 (February 2011): 279-288] ကို ပြဌာန်း လိုက်တဲ့အခါ၊ ဖြတ်လိုက်ပါတယ်။ ၁၉၉၈ ကတည်းက ဒီ အခွန် ကင်းလွတ်ခွင့် ၂ မျိုး ကို အသုံးပြုတဲ့ နှုန်း က တည်တည်ငြိမ်ငြိမ် တိုးများလာနေပါတယ်။ ရလာဒ်တွေ အဖြစ် ဒီလို တွေ့ရပါတယ်။ ကျောင်းအပ်နှုန်း (enrollment) နဲ့ ကျောင်းလခတွေ ကတက်သွားပေမဲ့၊ အခွန် သက်သာခွင့် ပြုတာကြောင့် ဒီလို တက်လာတာရယ်လို့ အထောက်အထား မရှိပါဘူး။ သက်သာခွင့် လျှောက်ထားသူ ၁၀% ရဲ့ အခွန်မကောက်မီ တစ်နှစ် ဝင်ငွေ က ဒေါ်လာ ၂၅၀၀၀ အောက် ဒါမှမဟုတ် ဒေါ်လာ တစ်သိန်း အထက် ရှိသူတွေ ဖြစ်ကြပေမဲ့၊ ကျန် ၉၀% အခွန်သက်သာခွင့် အကျိုးခံစားခွင့် က တစ်နှစ် ဝင်ငွေ ဒေါ်လာ ၂၅၀၀၀ နဲ့ ၁၀၀၀၀၀ ကြား ဝင်ငွေ အလယ်အလတ် ရှိတဲ့ ရည်ရွယ်ရာ လူဦးရေ ဆီကိုပဲ ရောက်သွားတာပါ။

တခြား ဖြစ်ရပ်တွေ မှာတော့ လုပ်ထုံးလုပ်နည်းတွေ အပေါ် ဘယ်လိုများ ခွဲခွဲခြားခြား သက်ရောက်မှု ရှိသလဲ ဆိုတာ ဖော်ထုတ်ဖို့ ကျွန်တော်တို့ ကြိုးစားမှာပါ။ တစုံတရာသော လုပ်ငန်း နယ်ပယ် ကို ကူညီတဲ့ အစီအစဉ်တွေ အပေါ် ချင့်တွက် အဖိုးဖြတ်တဲ့အခါ၊ ဆန်းစစ်သုံးသပ်ရာမှာ အဓိကအားဖြင့် အဲဒီလို အာရုံစူးစိုက် လုပ်ပါတယ်။ ဒါ က တကယ့်လုပ်နေကျ လုပ်ကိုင်ပုံပါပဲ။ လူမှု ဖူလုံရေး အစီအစဉ်လို တခြား ကိစ္စတွေ မှာတော့ လက်ရှိ သက်ကြီးရွယ်အိုတွေ နဲ့ အနာဂတ် သက်ကြီး ရွယ်အို ဖြစ်မယ့် လက်ရှိလူငယ်တွေ အပေါ် ခွဲခွဲခြားခြား သက်ရောက်နိုင်မှု ၂ ခု ကို ကျွန်တော်တို့ က လေ့လာသုံးသပ်ပါတယ်။ အဲဒီ သက်ရောက်မှုတွေ ကို အစီအစဉ် ရဲ့ **အချိန် တစ်ခု နဲ့ တစ်ခုကြား ခွဲဖြန့်ပုံ သက်ရောက်မှုများ (intertemporal distributional effects)** လို့ ကျွန်တော်တို့ က ညွှန်းဆိုပါတယ်။ အချိန်ကာလတလျှောက် ဝင်ငွေ ရဲ့ သက်ရောက်ပုံ ကို ပြောတာပါ။ တချို့ ကိစ္စတွေ မှာတော့ ဒေသန္တရ သက်ရောက်မှု (regional impact) ဒါမှမဟုတ် မြို့ နဲ့ ကျေးလက် (နှိုင်းယှဉ်) သက်ရောက်မှု ဒါမှမဟုတ် မြို့ပြ နဲ့ ကျေးလက် နယ်မြေ သက်ရောက်မှု ကို ကျွန်တော်တို့ က ဖော်ထုတ်ကြည့်ချင်တဲ့ ဆန္ဒရှိပါတယ်။

အစီအစဉ်တစ်ရပ် ရဲ့ အကျိုးခံစားခွင့်တွေ က ဆင်းရဲသားတွေ အတွက် အချိုးမညီ ခံစားခွင့် ရစေတယ်ဆိုရင် (အစီအစဉ် ကုန်ကျစားရိတ် အတွက် အခွန်စနစ် က တဆင့် သူတို့ ထည့်ဝင်ခဲ့တာ ထက် သူတို့ ပိုရတယ် ဆိုရင်) ဒီ အစီအစဉ် ရဲ့ ခွဲဖြန့်ပုံ သက်ရောက်မှု က တိုးတက်တယ် (progressive) လို့ ကျွန်တော်တို့ ပြောပါတယ်။ တကယ်လို့ အကျိုးခံစားခွင့် က ချမ်းသာသူတွေ ကို အချိုးမညီ ခံစားခွင့် ပိုရစေတယ် ဆိုရင်၊ အဲဒီ အစီအစဉ် ရဲ့ ခွဲဖြန့်ပုံ သက်ရောက်မှု က ဆုတ်ယုတ်တယ် (regressive) လို့ ကျွန်တော်တို့ ပြောပါတယ်။

အစီအစဉ် တစ်ရပ် ရဲ့ အကျိုးခံစားခွင့် တကယ်ရသူတွေ က ဘယ်သူတွေလဲ ဆိုတာ မကြာခဏဆိုသလိုပဲ အငြင်းပွါးကြရတာပါ။ ဝေငှပုံ သက်ရောက်မှု အပေါ် လူတစ်ယောက် ရဲ့ အမြင် ကို အဲဒီလူ အာရုံကျနေတဲ့

အုပ်စု က အများကြီး အဆုံးအဖြတ်ပေးပါတယ်။ ဥပမာအားဖြင့်၊ အစိုးရ က အဆင့်မြင့်ပညာအတွက် ထောက်ပံ့တာ ကို ဆင်းရဲတဲ့ ကျောင်းသားတွေ ကောလိပ်တက်နိုင်အောင် လုပ်ပေးတာ အဖြစ် မကြာခဏ ဆိုသလို မြင်ကြပေတာပေါ့။ ဒါကြောင့် အပြုသဘောဆောင်တဲ့ ပြ ပြန်လည် ဝေငှပုံ သက်ရောက်မှု ရှိတယ်လို့ မြင်ကြပါတယ်။ ဒါပေမဲ့ အလယ်အလတ် နဲ့ အလယ်အလတ် အထက်တန်းလွှာ လူတန်းစား က အဆင့်မြင့် ပညာ ကို ယူကြတာများပါတယ်။ ဒီလိုနဲ့၊ ကျောင်းသားအားလုံးအတွက် ကျောင်းလခ လျှော့လိုက်တာလို အထွေထွေ ထောက်ပံ့ပုံ က အလယ်အလတ် နဲ့ အလယ်အလတ် အထက်လွှာ မိသားစု ရဲ့ ကလေးတွေ ကို အချိုးမညီ အကျိုးခံစားခွင့် များစေတော့တာပေါ့။ အချို့သော တွက်ချက်မှုတွေ အရဆိုရင်၊ သူတို့ အကျိုးခံစားရတာ က သူတို့ ပေးတဲ့ အခွန်ထက်တောင် များနေပါတယ်။ ဒါကြောင့် အဆင့်မြင့် ပညာ အတွက် ပညာရေး ထောက်ပံ့မှု ဟာ ခေတ်နောက်ပြန်ဆွဲ ဆုတ်ယုတ်တဲ့ သဘော ဆောင်ပါတယ်။ ဒါ က ဝင်ငွေနည်း မိသားစုတွေ က ကလေးတွေ အတွက် ပညာသင်ဆုလို ဦးတည် ထောက်ပံ့ပုံ နဲ့ ဆန့်ကျင်ဘက်ပါ။ ဒါတောင် မိဘတွေ ရဲ့ ဝင်ငွေ ကို အဓိကထား စဉ်းစားတာ က သင့်လျော်မလျော် မရှင်းလှပါဘူး။ ပညာရေး အကျိုးခံစားခွင့် ရသူ က မိဘတွေ မဟုတ်ဘဲ၊ သူတို့ သားသမီးတွေ ဖြစ်နေတာကြောင့်ပါ။ ပညာရေး အဆင့် မြင့်မားသွားတာကြောင့် ရလာဒ်အဖြစ် မြင့်မားတဲ့ လခတွေ ရရှိကြမှာ က သားသမီးတွေ ဖြစ်နေတာကိုး။ ဒီလို မြင်ကြတဲ့သူတွေ က ကျောင်းသား ကို ငွေချေးတဲ့ အစီအစဉ် ကို ပို လုလားကြပါတယ်။

တက္ကသိုလ်တွေ ကို နိုင်ငံတော် က တိုက်ရိုက် ပံ့ပိုးတာ (ဒါကြောင့် ကျောင်းလခ နည်းနည်းပဲ ယူလို့ ရသွားတာ) ရဲ့ ဝေငှပုံ အကျိုးဆက် နဲ့ ကျောင်းသား ကို ပိုက်ဆံချေးတဲ့ အစီအစဉ် ရဲ့ ဝေငှပုံ အကျိုးဆက် တို့ ကို ကျွန်တော်တို့ နှိုင်းယှဉ် ကြည့်ကြရအောင်ပါ။ အဆင့်မြင့် ပညာရေး ကို ရသွားတဲ့ သူတွေ ဟာ ပျမ်းမျှအားဖြင့် မရတဲ့ သူတွေ ထက် ဝင်ငွေ ပိုများကြပါတယ်။ ကျောင်းသား ကို ငွေချေးတဲ့ အစီအစဉ် က လက်ရှိ စနစ်ထက် ပို တိုးတက်မှု ရှိပေတာပေါ့။ လက်ရှိစနစ် မှာ အထက်တန်းကျောင်း ကို အပြီး မတက်နိုင်ဘဲ၊ ထွက် အလုပ်လုပ်ကြရရှာတဲ့ လုပ်ခနည်းသူတွေ ကို အဆင့်မြင့်ပညာရေး အတွက် ထောက်ပံ့ဖို့ ပန်ကြားနေသလို ဖြ ဖြစ်နေပါတယ်။ (အစိုးရ က တက္ကသိုလ်တွေ ကို ထောက်ပံ့တယ်။ အဲဒီ အစိုးရ သုံးတဲ့ ငွေထဲမှာ လုပ်ခနည်းသူတွေ ပေးရတဲ့ အခွန်တွေ ပါနေတာကိုး။ - ဘာသာပြန်သူ) ၁၉၉၃ မှာ ကျောင်းသား ကို ငွေချေးတဲ့ အစီအစဉ် စ ပါတယ်။ ပြန်ဆပ်ရမယ့် ငွေ အရေအတွက် က ကျောင်းသား ရဲ့ ဝင်ငွေ နဲ့ ဆက်စပ်ထားတာပေါ့။ ဝင်ငွေ ပိုရသွားတဲ့အလျောက် ကျောင်းသားတွေ က ဝင်ငွေနည်း ကျောင်းသားတွေထက် တဖြည်းဖြည်း တိုး ဆပ်သွားရအောင် စီစဉ်ထားပါတယ်။ ဒါပေမဲ့ တကယ့် လက်တွေ့မှာတော့ ဒီလိုပုံစံမျိုး ချေးတာ က နည်းနည်းပဲ ရှိတာပါ။ ဒီ ဥပမာ က ထင်ထင်ရှားရှား ပြသလိုပါပဲ .. အစိုးရ အစီအစဉ် တစ်ရပ် ရဲ့ ဝေငှပုံ သက်ရောက်မှု အပေါ် လူတစ်ယောက် ရဲ့ အမြင် ဟာ သူ ဘယ်အုပ်စု အပေါ် အဓိကထားကြည့်သလဲ ဆိုတဲ့ အချက်အပြင်၊ အဲဒီ အစီအစဉ် ကို တမူကွဲ လုပ်နိုင်တဲ့ နည်းလမ်းတွေ ရှိမရှိ မြင်တဲ့ အပေါ် မှာလည်း တည်နေတတ်ပါတယ်။ ဆီလျော်တဲ့ ရွေးချယ်ပုံ က အစီအစဉ်တစ်ရပ်

ချမှတ်လုပ်ဆောင်မလား၊ ဘာအစီအစဉ် မှ မလုပ်ဘူးလား ဆိုတာ မဟုတ်ဘဲ၊ အစီအစဉ်တစ်မျိုး နဲ့ နောက် အစီအစဉ် တစ်မျိုး တို့ကြား ရွေးချယ်တာပါ။ ဒီနည်းအားဖြင့် လက်ရှိ အဆင့်မြင့် ပညာ ကို ကူညီတဲ့ ပြည်နယ် အစိုးရ စနစ် က လုံး၀ ပုဂ္ဂလိက ပညာရေး စနစ် ထက် ပိုပြီး *တိုးတက်ကောင်း တိုးတက်မှာ* ဖြစ်ပေမဲ့၊ အဲဒီ စနစ် ရဲ့ ဝေငှပုံ သက်ရောက်မှု က ၀င်ငွေပေါ် အဓိကထား ဆပ်ရတဲ့ အဆင့်မြင့်ပညာရေးအတွက် ပိုက်ဆံချေးပုံ စနစ် နဲ့ ယှဉ်လိုက်ရင် လိုလားစရာ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။

**မျှတခြင်း နဲ့ ဝေငှခြင်း (Fairness and Distribution)**

အဆိုပြုချက် အမျိုးမျိုး အပေါ် နိုင်ငံရေးအရ ဆွေးနွေးကြရာမှာ ပြောတတ်ကြတာများတာကတော့ မျှတမှု (equity) ပါပဲ။ အဆိုပြုတဲ့ ဘက်တစ်ဘက်စီ က သူတို့ အဆိုပြုချက် က ပို မျှတတယ်လို့ ပြောကြပေတာပေါ့။ ဒါပေမဲ့ မျှတတယ် ဆိုတာ ကို ကောင်းကောင်း သတ်မှတ် အဓိပ္ပါယ်ဖွင့်ဆိုထားတာ အမြဲ မဟုတ်တတ်ပါဘူး။ မတူတဲ့ သူအမျိုးမျိုး မှာ ဘာ က မျှတသလဲ ဆိုတဲ့ ဆန့်ကျင်ဘက် အမြင်တွေ ရှိကောင်း ရှိကြမှာပါ။ ကလေးတွေ ကို လူလတ်တန်းစား လင်မယား တစ်စုံ က ငွေကြေးအကြောင်းကြောင့် သူတို့ ယူမယ့် ကလေးအရေအတွက် ကို ၂ ယောက်လို့ ကန့်သတ်ထားကြတယ် ဆိုပါတော့။ ခေတ်သစ် တားဆေးတွေ ကို မသုံးချင်ဘဲ ကလေး ဆယ်ယောက် ယူထားတဲ့ မိသားစု ဟာ သူတို့ ရဲ့ ကလေးတစ်ယောက် ကို အစိုးရ ထောက်ပံ့မှု မပါဘဲ၊ တက္ကသိုလ် ပို့ဖို့ မတတ်နိုင်ဘူး ဆိုပါတော့။ ဒီအတွက် ၀င်ငွေနည်း မိသားစု က ကလေး ကို တက္ကသိုလ်တက်နိုင်ဖို့ ပံ့ပိုးမယ့် အစီအစဉ် ကို ကလေး ၂ ယောက်ပဲ ယူခဲ့တဲ့ စုံတွဲ က မျှတတယ်လို့ ခံစားရမှာ မဟုတ်ပါဘူး။ ကိုယ့်သားသမီး ကို ကောလိပ်ပို့ဖို့ ဒေါ်လာ ၄၀၀၀၀ စုခဲ့တဲ့ လင်မယား ဟာ သူတို့ ရှိနေတဲ့ ငွေကြောင့် အစိုးရ ပံ့ပိုးငွေ ဒါမှမဟုတ် ချေးငွေ မရနိုင်တာ ကို မျှတတယ်လို့ ခံစားရမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အစိုးရ ထောက်ပံ့ရေး အစီအစဉ် မှာ အကျုံး၀င်မှု က မိသားစု ၀င်ငွေ လို ပိုင်ဆိုင်မှုတွေ အပေါ် မှာ မူတည်တာကိုး။ သူတို့လိုပဲ ၀င်ငွေ တူပြီး၊ အကုန်အကျများတဲ့ အားလပ်ရက် ခရီးတွေ ကို ဆောင်းရာသီတိုင်း သွားခဲ့ကြပေမဲ့ ကလေး ကောလိပ်ကျောင်းပို့ဖို့တော့ မစုခဲ့ကြတဲ့ သူတို့ ရဲ့ အိမ်နီးနားချင်း က အစိုးရ ထောက်ပံ့ကြေး ရနိုင်ခွင့် ရှိနေတာ ကို သားသမီး ကောလိပ်ပို့ဖို့ စုခဲ့တဲ့ လင်မယား က မျှတတယ်လို့ ခံစားရမှာ မဟုတ်ပါဘူး။

**အစိုးရ အစီအစဉ်များ ရဲ့ အကျိုးဆက်များ**

၁။ အစိုးရ အစီအစဉ်တွေ က ပုဂ္ဂလိကအပိုင်း က လုပ်နိုင်ပေမဲ့ မလုပ်အောင် ဖယ်ထုတ်ပစ်လိုက်နိုင်ပါတယ်။ အလားတူပဲ၊ ပုဂ္ဂလိက ဆောင်ရွက်ချက်တွေ ကလည်း အစိုးရ လုပ်ဆောင်နိုင်တာတွေ ကို ထေပစ်လိုက်နိုင်ပါတယ်။ ရလာဒ်ကတော့ သေးငယ်လှတဲ့ အသားတင် သက်ရောက်မှုပါပဲ။

၂။ အစိုးရ အစီအစဉ်တွေ က ဝင်ငွေ နဲ့ အစားထိုး သက်ရောက်မှုတွေ ဖြစ်ပေါ်စေပါတယ်။ အစားထိုး သက်ရောက်မှု က မဖြစ်စလောက် ဖြစ်လာတဲ့ ဆွဲဆောင်မှု ပမာဏ (magnitude of marginal incentives) နဲ့ ဆက်စပ်နေပါတယ်။

၃။ အစိုးရ အစီအစဉ်တွေ ထိရောက်မှု နည်းတာ က အစားထိုး သက်ရောက်မှု ပမာဏ နဲ့ ဆက်စပ်နေပါတယ်။

၄။ ဘယ်သူတွေ က အစီအစဉ်ကြောင့် နောက်ဆုံး ဖြစ်ပေါ်လာတဲ့ အကျိုးခံစားခွင့် ဒါမှမဟုတ် နစ်နာမှု ကို ခံစားရရှိကြသလဲ ဆိုတာ ကို အစီအစဉ် တစ်ရပ် ရဲ့ [ခုတ်ရာတခြား ရှရာတလွဲ] ဖြစ်ပွါးပုံ (incidence) က ဖော်ပြပါတယ်။ တကယ် ဖြစ်ပွါးပုံ က သဏ္ဍာန်အရ ဖြစ်ပွါးပုံ (apparent incidence) ဒါမှမဟုတ် ရည်ရွယ်တာ နဲ့ သိသိသာသာ ကွဲပြားနေတတ်ပါတယ်။

၅။ အစီအစဉ်တစ်ရပ် ရဲ့ အကျိုး ကို မတည်အမြတ်ထုတ် သွားနိုင်ပါတယ်။ ဒီလို အခါမျိုးတွေ မှာ တကယ့် အကျိုးခံစားခွင့် ရသွားသူတွေ ကတော့ ပိုင်ဆိုင်မှု ရှိနေတဲ့ သူတွေ ပါပဲ။ အစီအစဉ် အစ (ဒါမှမဟုတ် ကြေညာလိုက်တဲ့ အချိန်) မှာ သူတို့ က မတည် အမြတ်ထုတ်ယူ သွားကြတာပါ။

အိမ်ထောင်ဘက် က အပြင်ထွက် အလုပ်မလုပ်ဘဲ၊ လူမှု ဖူလုံရေး ခံစားခွင့် ပြန်ရတဲ့ သူလောက် လက်မထပ်တဲ့ သူတစ်ယောက် နဲ့ လင်မယား ၂ ယောက်လုံး အလုပ်လုပ်နေကြတဲ့ မိသားစု တွေ က လူမှုဖူလုံရေး ခံစားခွင့် ပြ ပြန်မရတာ ကို မမျှတဘူး လို့ တစ်ကိုယ်တော် ပုဂ္ဂိုလ် နဲ့ လင်မယား ၂ ယောက် က ထင်မြင်ကြမှာပါပဲ။ ဒါပေမဲ့ အိမ်ထောင်ဘက် က အိမ်ပြင် ထွက် အလုပ်မလုပ်ဘဲ၊ လူမှု ဖူလုံရေး ခံစားခွင့် ပိုပြီးရတဲ့ သူကတော့ မျှတတယ်လို့ ထင်မှာပါပဲ။ အကြောင်းကတော့ သူ့ မိသားစု မှာ ဒုတိယ ဝင်ငွေ မရှိတာကြောင့် လို့ ဆိုမှာပါ။

## မျှတမှု - ထိရောက်မှု အပေးအယူလုပ်ခြင်း (Equity – Efficiency Trade-offs)

"မျှတမှု" အသုံးအနှုန်း နဲ့ တွဲဖက်လာတဲ့ အနက်အဓိပ္ပါယ် ထွေပြားမှုကြောင့်၊ စီးပွါးရေး ပညာရှင်တွေ က သူတို့ ရဲ့ ဆန်းစစ် သုံးသပ်ချက်တွေ မှာ မျှတမှု ကို ရှောင်ဖို့ ကြိုးစားကြပါတယ်။ အဲဒီအစား အစီအစဉ်တွေ ရဲ့ သက်ရောက်မှုတွေ ဖော်ထုတ်နိုင်ရေး အပေါ် သူတို့ က အာရုံစိုက်ကြပေတာပေါ့။ စီးပွါးရေးပညာရှင်တွေ က ဘယ် အစီအစဉ် ကို ပဲ ဖြစ်ဖြစ်၊ သူတို့ ဆန်းစစ် သုံးသပ်ရာမှာ ပရီတို ဒါမှမဟုတ် ပရီတို နီးနီး တိုးတက်ကောင်းမွန်လာမှု (Pareto or near-Pareto improvements) ကို ရှာတာနဲ့ စတတ်ကြပါတယ်။ ပရီတိုး တိုးတက်ကောင်းမွန်မှု ဆိုတာကတော့ ဘယ်သူ့ ကို မှ (ဒါမှမဟုတ် လုံး၀ နီးနီး) ပိုမို ဆိုးဝါး မသွားစေဘဲ၊ လူတစ်ယောက် (ဒါမှမဟုတ် တချို့ အုပ်စုတွေ) ကို ပိုမို တိုးတက်ကောင်းမွန်အောင် လုပ်ပေးနိုင်တဲ့

အစီအစဉ်ထဲမှာ ပါတဲ့ အပြောင်းအလဲတွေ ပါပဲ။ အိမ်ငှါးခ ထိန်းချုပ်တာ ဟာ ရေရှည်မှာ (ငှါးမယ့် အိမ်တွေ ထပ်မဆောက်ကြတာကြောင့် အငှါးချလိုအား (ရောင်းလိုအား) ခြောက်ခန်းသွားပြီး) အိမ်ငှါးသူတွေ ကို အကျိုးမများစေဘူး လို့ ပြောကြတာပေ့ါ။ ငွေေနည်းသူတွေ အိမ်ငှါးရာမှာ ကူညီနိုင်မယ့် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေ ရှိပါတယ်။ တကယ်လို့ အခွန်ထမ်းဆောင်သူတွေ က လေ့ကျင့်ရေး နဲ့ ပညာရေး မှာ နည်းနည်း ပို ရင်းနှီးမြှုပ်နှံမယ် ဆိုရင် သက်သာချောင်ချိရေး အစီအစဉ်တွေ ရဲ့ ဂန်ဆောင်မှု က အကျိုးခံစားခွင့် ရရှိသူတွေ အတွက် ပိုကောင်းလာစေမှာပါ။ ရေရှည်မှာတော့ သက်သာချောင်ချိရေး ရယူနေကြတဲ့ လူဦးရေ ကို ထောက်ပံ့နေရတာကြောင့် ဖြစ်နေတဲ့ အခွန် ဂန်ထုပ်ဂန်ပိုး ကို လျှော့ချနိုင်ပါတယ်။ ပတ်ဂန်းကျင် ညစ်ညမ်းမှု ကို ကိုင်တွယ်နိုင်မယ့် ဈေးကွက် အခြေခံ အခြားသော တမူကွဲ နည်းလမ်း တွေလည်း ရှိပါတယ်။ (အခန်း ၆ ကို ကြည့်) အဲဒီနည်းတွေ က ပြဌာန်း သတ်မှတ်ချက်တွေ တင်းတင်းကျပ်ကျပ် ချမှတ်တဲ့ စနစ်ထက် စားရိတ် စက နည်းနည်း နဲ့ ပတ်ဂန်းကျင် ညစ်ညမ်းမှု ကို ပိုမြင့်မားစွာ လျှော့ချနိုင်ပါတယ်။ ပတ်ဂန်းကျင်အတွက်ရော၊ စီးပွါးရေး အတွက်ပါ အကျိုးရှိမှာပါ။

အဲဒီလို ပရီတို ဒါမှမဟုတ် ပရီတို နီးနီး တိုးတက်ကောင်းမွန်မှု ရှိနိုင်တဲ့ လုပ်ကိုင်နိုင်ပုံတွေ အတော်လေး ကျယ်ကျယ်ပြန့်ပြန့် ရှိနေပါပြီ။ အစီအစဉ်တော်တော်များမှာ ထိရောက်ရေး နဲ့ မျှတရေး ဆိုင်ရာ ရည်ရွယ်ချက်တွေ ကြား (ငွေ ဒါမှမဟုတ် အကျိုးခံစားခွင့်တွေ ကို လိုအပ်နေသူတွေဆီ ပြန်လည်ဝေငှခြင်း) အနည်းအများ၊ အသာအနာ ချိန်ထားတာတွေ ရှိပါတယ်။ ဒ့ါထက်ပိုပြီး တိုးတက်မှု ရှိရှိ သုံးစွဲထားတဲ့ အစီအစဉ်တွေ ကို ဒီဇိုင်းဆင် ရေးဆွဲလို့ ရကောင်းရမှာပါ။ ဒါပေမဲ့ အဲဒီအတွက် အဖိုးအခ ဒါမှမဟုတ် ပေးရတာ တစုံတရာ ရှိပါလိမ့်မယ်။ လူမှုဖူလုံရေး အကျိုးခံစားခွင့်တွေ (social security benefits) တိုးများလာတာ က ဝေငှရေး ပန်းတိုင်တွေ ရဲ့ ထောင့် ကနေ ကြည့်ရင် လိုလားစရာ ကိစ္စ ဖြစ်ချင်ဖြစ်မှာပါ။ ဒါပေမဲ့ တိုးလာတဲ့ အကျိုးခံစားခွင့်ကြောင့် စောစော အငြိမ်းစား ယူသွားတာတွေ ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီအတွက် ဘဏ္ဍာရေး သုံးစွဲရမှာမို့ အခွန် တိုးကောင်းတိုးရတဲ့အခါ၊ အလုပ်လုပ်သူတွေ အတွက် လုပ်ချင်စရာ မက်လုံး နည်းကောင်း နည်းသွားပြန်ပါလိမ့်မယ်။ အလုပ်လက်မဲ့ ကြီးမြင့်လာမှုကြောင့် အလုပ်လက်မဲ့ဖြစ်ချိန် အစားထိုး ငွေတစ်ရပ် ကို အတိုင်းအတာတစ်ခုအထိ ပေးထားတဲ့ အစီအစဉ်ကြောင့် အလိုအပ်ဆုံးလူတွေကြား က တချို့အတွက် ငွေတိုးစေကောင်း တိုးစေပါလိမ့်မယ်။ ဒါပေမဲ့ အလုပ်လက်မဲ့ အာမခံချက်ကြောင့် တချို့လူတွေ က နောက် အလုပ်တစ်ခု ရှာချင်စိတ် နည်းကောင်း နည်းသွားကြမှာပါ။

တန်ဖိုးထားမှုတွေ အပေါ် သဘောမတူတာကြောင့် မတူတဲ့ အစီအစဉ်တွေ အပေါ် ဆန္ဒမတူညီတာတွေ ပေ ပေါ်ပေါက်လာတာပါ။ မျှတမှု (fairness) လား၊ ကုန်ရကျိုးနပ် ထိရောက်မှု (efficeiency) လား ဆိုတဲ့ နှိုင်းယှဉ်မှုအရ အရေးပါမှု အပေါ် တစ်ဦး နဲ့ တစ်ဦး ထားရှိပုံ သဘောထား မတူကြပါဘူး။ တစ်ဘက်ဘက် ကို မဲတင်း အပေးအယူလုပ်ကြတဲ့ သဘောသဘာဂအပေါ်လည်း သဘောမတူနိုင်ကြပါဘူး။ ကုန်ရကျိုးနပ် ထိရောက်မှု ထောင့် က ဘယ်မျှ လျှော့ပေးလိုက်ရင်၊ အစီအစဉ် ရဲ့ အကျိုးခံစားခွင့် ရပုံ တည်ဆောက်ထားချက်

အပေါ် ပြောင်းလဲစေပြီး၊ ဘယ်လောက် (မျှတမှု ပိုရှိလာမယ် တနည်းအားဖြင့်) ဝေငှပုံ သက်ရောက်မှု ပိုပြီး တိုးတက်လာမယ် ဆိုတာလည်း အမျိုးမျိုး သဘောထား ရှိကြမှာပါ။

ပုံပြ ၁၀.၆

အစိုးရ အစီအစဉ်တွေ နဲ့ ပတ်သက်တဲ့ အမြင် ကွဲပြားမှု အရင်းအမြစ်

(ပုံ A) ဦးကပ်စေးနဲ နဲ့ ဦးသုံးစွဲ တို့ မှာ အလျှော့အတင်း အပေးအယူ လုပ်ပုံ နဲ့ ပတ်သက်ပြီး တူညီတဲ့ အမြင် ရှိကြတယ်။ ဒါပေမဲ့ တန်ဖိုးထားပုံ မတူကြဘူး။ (သုံးစွဲပုံ ထူးမခြားနား မျဉ်းကွေး)

(ပုံ B) မျှတရေး နဲ့ ကုန်ရကျိုးနပ် ထိရောက်မှု အလျှော့အတင်း ကိစ္စ နဲ့ ပတ်သက်တဲ့ သဘောသဘာဝ အပေါ် မြင်ပုံ ဦးကပ်စေးနဲ နဲ့ ဦးသုံးစွဲ တို့ ကွဲပြားကြတယ်။

ပုံပြ ၁၀.၆ က အနမာန ယူဆထားတဲ့ အစီအစဉ်တစ်ရပ် မှာ လူ ၂ ဦး ရဲ့ မျှတရေး နဲ့ ကုန်ရကျိုးနပ် ထိရောက်ရေး နယ်အစပ် (equity-efficiency frontier) နဲ့ သုံးစွဲမှု ထူးမခြားနား မျဉ်းကွေး ကို ပြပါတယ်။ ပုံပြ ၁၀.၆ A မှာ ပိုပြီး မျှတလာမယ့် အရေးအတွက် ကုန်ရကျိုးနပ် ထိရောက်ဖို့ ကို ဦးကပ်စေးနဲ က သူ့ညီ ဦးသုံးစွဲ လောက် မစွန့်ချင်ဘူး။ E1 က ဦးသုံးစွဲ မြင်တဲ့ အလျှော့အတင်း အပေးအယူ မျဉ်းကွေး (trade-off curve) ပေါ် က အမြင့်မားဆုံးသော အမှတ်တစ်မှတ် ဖြစ်ပါတယ်။ E2 ကတော့ ဦးကပ်စေးနဲ ရဲ့ အမြင်အရ၊ အမှတ် ဖြစ်ပါတယ်။ ဦးကပ်စေးနဲ က မျှတဖို့ နည်းနည်းပဲ စဉ်းစားပြီး၊ ကုန်ရကျိုးနပ် ထိရောက်ရေး ကို ဦးသုံးစွဲ ထက် ပို မဲတင်းပြီး အမှတ် ကို ရွေးထားခဲ့တာ မဆန်းပါဘူး။ ဒါကြောင့် မူဂါဒ ရွေးချယ်ရာမှာ သဘော မတူညီမှု ရဲ့ အရင်းအမြစ် က လူနှစ်ယောက် ရဲ့ မတူညီတဲ့ တန်ဖိုးထားပုံတွေ အပေါ်မှာ မူတည်ပါတယ်။

တခြားတဘက်မှာတော့ ပုံပြ ၁၀.၆ B မှာ မူဂါဒ နဲ့ ပတ်သက်တဲ့ ကွဲပြားမှုတွေ ဟာ ဘယ်လောက် လျှော့ ဘယ်လောက် တင်းမယ်ဆိုတဲ့ အလျှော့အတင်း အပေးအယူ လုပ်ရမယ့် ကိစ္စ အပေါ် ပိုင်းဖြတ်ရာမှာ ကွဲပြားကြတာတွေ ကနေ ဖြစ်ပေါ်လာတာ ကို ပြပါတယ်။ မျှတရေး ကို မဆိုစလောက် ပို မဲတင်းလိုက်တာနဲ့ ကုန်ရကျိုးနပ် ထိရောက်မယ့် အရေး မှာ အများကြီး လျှော့ပေးရမယ်လို့ ဦးကပ်စေးနဲ က ထင်တာပေါ့။ တစ်ဘက်မှာတော့ ကုန်ရကျိုးနပ် ထိရောက်မယ့်အရေးမှာ မဆိုစလောက်လေး လျှော့ပေးလိုက်တာနဲ့ အများကြီး ပို မျှတလာလိမ့်မယ် လို့ ဦးသုံးစွဲ က ထင်တာပေါ့။

ဥပမာ၊ အလုပ်လက်မဲ့တွေ အလုပ်မရနိုင်တာ က ရစရာ အလုပ် ကို မရှိလို့ ဆိုတာ အဓိက အကြောင်းဖြစ်ခဲ့ရင်၊ အလုပ်လက်မဲ့ အာမခံချက် ပေးတဲ့ ပမာဏ က ဘယ်လောက်ပဲ ရှိစေကာမူ၊ ဘယ်လိုပဲ အလုပ်ရှာရှာ အကျိုးသက်ရောက်မှု က နည်းနည်းပဲ ရှိမှာပါ။ အလုပ်လက်မဲ့ အာမခံ ပေးထားပေမဲ့ အလုပ်ရှာတဲ့အပေါ် ဘာမှ အကျိုးသက်ရောက်မှု မရှိရင်၊ အစီအစဉ် ရဲ့ မျှတရေး နဲ့ ကုန်ရကျိုးနပ် ထိရောက်ရေး အကြောင်းပြိုင် ၂ ခု အပေါ် အလျှော့အတင်း အပေးအယူ လုပ်စရာ သိပ်မရှိတော့ပါဘူး။ အဲဒီ ၂ ခု ရဲ့ နယ်ပယ် အစပ် ဟာ ဦးသုံးစွဲ အမြင် အတိုင်း ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ အလုပ်ရှာရတာ က အလုပ်လက်မဲ့ကာလ ဝင်ငွေ အစားထိုးပေးတာ နဲ့ အတော် ကို ဆက်စပ်နေတယ်ဆိုရင်၊ မျှတရေး နဲ့ ကုန်ရကျိုးနပ် ထိရောက်ရေး နယ်အစပ် ဟာ ဦးကပ်စေးနဲ အမြင်အတိုင်း ဖြစ်နေပါလိမ့်မယ်။

ဘယ် အစိုးရ အစီအစဉ် ရဲ့ အသေးစိတ် အချက်အလက်တွေ ကိုမဆို ချင့်တွက် အဖိုးဖြတ်ရာမှာ မျှတရေး နဲ့ ကုန်ရကျိုးနပ် ထိရောက်ရေး အလျှော့အတင်း အကြောင်းပြိုင် ၂ ရပ် အပေါ် အပေးအယူ လုပ်ရတာ ကို ထပ်ခါထပ်ခါ တွေ့ရပါတယ်။ တံတားကြေး ကောက်ဖို့ ဆုံးဖြတ်တာ ဟာ တံတား ကနေ အကျိုးခံစားရသူတွေ (တံတား အသုံးပြုသူတွေ) က တံတား ကုန်ကျစားရိတ် ကျခံရမယ် ဆိုတဲ့ အဓိပ္ပါယ် ဖြစ်ပါတယ်။ မျှတရေး အကြောင်းတွေကြောင့် ဒီ ဆုံးဖြတ်ချက် ဟာ လူတော်တော်များများ အတွက် လိုလားအပ်တဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။ တံတားအပေါ် ဖြတ်မမောင်းတဲ့သူ က တံတားကြေး ပေးရမယ် ဆိုတာ မမျှတဘူးကိုး။ ဒါပေမဲ့ အဲဒီမှာလည်း ငွေ၊ အချိန် နဲ့ ပတ်သက်ပြီး ကုန်ရကျိုး နပ်တဲ့ အချက် ရှိပါတယ်။

တံတားကြေး ကောက်တဲ့သူတွေ ရဲ့ အခကြေးငွေ နဲ့ စက်တပ်ယာဉ်မောင်းတွေ ရဲ့ အချိန် ဖြစ်ပါတယ်။ တကယ်လို့၊ တချို့ယာဉ်မောင်းတွေ အတွက် တံတား အသုံးပြုဖို့ မဖြစ်တဲ့ အခြေအနေရှိလာပြီ ဆိုရင် (တစုံတခုသော အကြောင်းကြောင့် ဖြတ်လို့ ရတဲ့ ကားအရေအတွက်အတိုင်း မဖြတ်ရတော့ဘူး ဆိုရင် - below capacity) သုံးနိုင်သလောက် ထက် လျော့သုံးရတဲ့ အဖြစ် (underutilization) ကြောင့် ကုန်ရကျိုး မနပ်၊ မထိရောက်တဲ့ အခြေ (efficiency loss) ဖြစ်သွားမှာပါ။

အစီအစဉ်တွေ က ကုန်ရကျိုးမနပ် မထိရောက်ဘဲ၊ ကောင်းကောင်းလည်း ရေးဆွဲခဲ့တာ မဟုတ်တဲ့အခါတွေ မှာ ပို မျှတ၊ ကုန်ရကျိုးနပ်အောင် လုပ်နိုင်ပါတယ်။ ဒီစာအုပ် ရဲ့ နောက်ပိုင်း မှာ ဥပမာအားဖြင့် အခွန်သက်သာခွင့် (Tax Credit) ပေးခြင်းအားဖြင့် အမေရိကန်တွေ ကို အရေအတွက်အရ ကောလိပ် ပို တက်နိုင်အောင် ကူညီလို့ ရတဲ့ အကြောင်း ကျွန်တော်တို့ ဖော်ပြထားပါတယ်။ အခွန် သက်သာခွင့် ပြုတာ ဟာ အဲဒီ ရည်မှန်းချက်တွေ ကို ဖြည့်ဆည်းနိုင်အောင် အားထုတ်တဲ့ အကောင်းဆုံး နည်းလမ်းတော့ မဟုတ်ပါဘူး။ ဒါ့အပြင် အဲဒီလို လုပ်တာ က အလွန့်ကို ဆင်းရဲတဲ့သူတွေ ကို အကျိုးခံစားခွင့် မရစေပါဘူး။ မိသားစု က သိပ်ဆင်းရဲတာကြောင့် အခွန်ထမ်းဆောင်တယ် ဆိုရင်တောင်၊ နည်းနည်းပဲ ပေးရတာမို့ အဲဒီလို မိသားစု ကလာတဲ့ ကျောင်းသားတွေ အတွက် အကျိုးခံစားခွင့် မရပါဘူး။ ပိုပြီး မျှတ၊ ပိုပြီး ကုန်ရကျိုးနပ်၊ ထိရောက်တဲ့ ထောက်ပံ့ပုံ နည်းလမ်းတွေ ရှိပါတယ်။

**မျှတရေး - ကုန်ရကျိုးနပ် ထိရောက်ရေး အလျှော့အတင်း အပေးအယူ (Equity – Efficiency Trade-Off)**

၁။ တခါတရံ မှာ အစီအစဉ်တွေ ကနေ ပရီတို တိုးတက် ကောင်းမွန်မှု ရလာဒ် ကို ရနိုင်ပါတယ်။ ပရီတို တိုးတက် ကောင်းမွန်မှု ဆိုတာ ဘယ်သူ ကိုမှ ဆိုးမသွားစေဘဲ၊ တချို့လူတွေ ကို ပို ကောင်းသွားအောင် လုပ်ပေးနိုင်တာပါ။

၂။ မျှတမှု နဲ့ ကုန်ရကျိုးနပ် ထိရောက်မှု တို့ကြား အလျှော့အတင်း အပေးအယူ ချိန်ရပါတယ်။ တဖြည်းဖြည်း တိုးသွားတဲ့ အခွန်စနစ် က အလုပ်လုပ်လိုတဲ့ မာဂျင်နယ် မက်လုံး ကို လျော့သွားစေပါတယ်။

ဒီ ဥပမာ က နောက်ထပ် အကြောင်းအရာ တစ်ရပ် ကို ပြနေပါတယ်။ မျှတရေး ရဲ့ သဘော ကို ဘက်စုံ ငုံမိနိုင်မယ့် တစ်ခုတည်းသော တိုင်းတာချက် မရှိဘူး ဆိုတဲ့ အကြောင်းပါပဲ။ တချို့ အစီအစဉ်တွေ က လူလတ်တန်းစားတွေ ကို ပို ကူညီနိုင်ကောင်း ကူညီနိုင်မှာပါ။ တချို့ က အောက်ခြေ က သူတွေ ကို ပို ကူညီနိုင်မှာပါ။ နှစ်ခုစလုံး မျှတရေး ပိုမိုကောင်းမွန်လာအောင် လုပ်နိုင်ပါတယ်။ ဒါပေမဲ့ မတူတဲ့ အဓိပ္ပါယ် သဘောအရ ဖြစ်တာမို့ အခက်ခဲဆုံး နိုင်ငံရေး အရ ရွေးချယ်ရပုံ နဲ့ ကြုံရနိုင်ပါတယ်။

ပြည်သူ့ရေးရာ မူဝါဒ ရည်မှန်းချက်များ (Public Policy Objectives)

ခုထိ ဆွေးနွေးခဲ့ရာမှာ အများပြည်သူ ဆိုင်ရာ အစီအစဉ်တွေ ကို ချင့်တွက် အကဲဖြတ်ဖို့အတွက် အခြေ ၂ ရပ် ကို အာရုံစိုက် ဆွေးနွေးခဲ့တာပါ။ အဲဒီအစီအစဉ်တွေ ရဲ့ စီးပွါးရေး အရ ကုန်ရကျိုးနပ် ထိရောက်မှု (economic efficiency) အရ သက်ရောက်မှု နဲ့ ဝေငှပုံ (distribution) အရ သက်ရောက်မှု တို့ပါပဲ။ ဒါပေမဲ့ အစိုးရ ရဲ့ မူဝါဒ က ပိုမို ကျယ်ပြန့်တဲ့ ရည်မှန်းချက် အမျိုးမျိုး လွှမ်းခြုံထားတာလည်း ဖြစ်ကောင်းဖြစ်မှာပါ။ ဥပမာ မတူကွဲပြားတဲ့ ရုပ်ပိုင်းဆိုင်ရာ အရ ခွဲသော လူမျိုး (race)၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းအရ ခွဲသော လူမျိုး (ethnicity)၊ လူတန်းစား နောက်ခံ ရှိ ကျောင်းသားတွေ ကို အတူရောထားလိုတဲ့ အတိုင်းအဆ နဲ့ ပတ်သက်ပြီး အစိုးရ က စိုးရိမ်မကင်း ဖြစ်ကောင်း ဖြစ်တာမျိုး။ ဆင်းရဲသားတွေ ရဲ့ ဝင်ငွေ ကိုပဲ အစိုးရ က အလေးထားတာ မကဘဲ၊ သူတို့ နေထိုင်နေကြတဲ့ အဆောက်အဦတွေ ရဲ့ ရုပ်ပိုင်း အသွင်သဏ္ဍာန် အပေါ် လည်း အလေးထား နေနိုင်တာမျိုး။ အဲဒီလို ရည်ရွယ်ချက် မတူတာတွေ ကို ကောင်းကောင်း အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်နိုင်မယ် ဆိုရင် အဲဒီ ရည်ရွယ်ချက် ကို ဖြည့်ဆည်းနိုင်မယ့် အမျိုးမျိုးသော ကိရိယာတွေ ကို အစိုးရ က အသုံးပြုနိုင်ပါတယ်။ ဥပမာ အားဖြင့်၊ ပြဌာန်းသတ်မှတ်ချက်တွေ ချ၊ စီမံဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိက လုပ်ထုံးလုပ်နည်းတွေ ကို အသုံးပြုနိုင်ပါတယ်။ ဒါမှမဟုတ် အစိုးရ ပံ့ပိုးမှု ကို ရရှိဖို့၊ လူတွေ ဒါမှမဟုတ် လုပ်ငန်းတွေ က ဖြည့်ဆည်းကြရမယ့် အစိုးရ အစီအစဉ် မှာ အကျုံးဝင်ရေး စံထားချက်တွေ (eligible standards) ကို ချမှတ်နိုင်ပါတယ်။ ဒီလိုနဲ့၊ ဖက်ဒရယ် ထောက်ပံ့မှု ကို ရယူတဲ့ အဖွဲ့အစည်းတွေ ဟာ တစုံတရာသော စည်းမျဉ်းစည်းကမ်းတွေ အတိုင်း လိုက်နာ လုပ်ဆောင်ကြရမယ်လို့ အစိုးရ က တိတိကျကျ ပြောနိုင်ပါတယ်။

တချို့ကိစ္စတွေ မှာတော့ သူ့ ရဲ့ ရည်မှန်းချက် အားလုံး ကို ရှင်းရှင်းလင်းလင်း (နဲ့ တင်ကြိုပြီး) သတ်မှတ်ဖို့ အစိုးရအတွက် ခက်ကောင်းခက်မှာပါ။ ဒါမှမဟုတ် ပြဌာန်းသတ်မှတ်ချက်များ (ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စီမံခန့်ခွဲပုံ စသည်) ဒါမှမဟုတ် စံထားချက်တွေ ကို အစုံလိုက် ပြောဖို့ ခက်ကောင်း ခက်မှာပါ။ ရည်မှန်းချက်တွေ အမျိုးမျိုး ကို ဘယ်လိုပဲ ရှိရှိ၊ ကောင်းကောင်း ကျေညာ ပြောဆိုထားပြီး၊ လိုက်နာအောင်လည်း လုပ်မယ့် ပြဌာန်းသတ်မှတ်ချက်တွေသာ မရှိရင်၊ ပုဂ္ဂလိက ထုတ်လုပ်သူတွေ က အမြတ်အများဆုံး ရမယ့် ပြုမူလုပ်ကိုင်ပုံတွေ အတိုင်း လိုက်လုပ်မှာပဲ လို့ ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ကြပေတာပေ့ါ။ အဲဒီလို အခြေအနေတွေ မှာ အစိုးရ က ဝင်ရောက်ဆောင်ရွက်ဖို့ တိုက်ရိုက် တာဝန်ရှိတယ်လို့ ပြောဆိုဆွေးနွေးကြတာတွေ ရှိပါတယ်။ အတိုင်းအတာ တစ်ရပ် အထိ ဒါ က ဟုတ်ပေမယ်လို့၊ လွှတ်တော် ဒါမှမဟုတ် အစိုးရ အဖွဲ့ အနေနဲ့ သူ့ ရဲ့ အစီအစဉ်တွေ ကို ပြည်သူ့ဝန်ထမ်းတွေ က သူ့ဆန္ဒအတိုင်း အကောင်အထည်ဖော်ရာမှာ လိုက်နာရမယ့် ရည်မှန်းချက်တွေ ကို တိတိကျကျ၊ ရှင်းရှင်းလင်းလင်း ပြောဖို့ က ခက်ကောင်းခက်မှာပါ။ အဲဒီလို ကိစ္စမှာ၊ ပြည်သူ့ဝန်ထမ်း အရာရှိတွေ က သူ့ သဘောအတိုင်း တစုံတရာ လုပ်နိုင်တဲ့ အဟာ ဟ သွားတတ်ပါတယ်။ အဲဒီ ဟ သွားတဲ့ အဟ နဲ့ လွှတ်တော် ရဲ့ ရည်ရွယ်ချက် ကို အရာရှိတွေ က ဘယ်လို ကျင့်သုံး ကိုင်တွယ်သွားသလဲ ဆိုတာ က အရေးပါကောင်း ပါမှာပါ။

အလားတူပဲ၊ အစိုးရ က ဆောင်ရွက်ချက် တစ်ရပ်အတွက် ငွေကြေး ထောက်ပံ့မှု ပါလာတဲ့ အခါတိုင်း၊ ပြဿနာ်းသတ်မှတ်ချက် တစ်စုံကိုတော့ မလွှဲမရှောင်သာနီးနီး ချမှတ်ရတာ ကိုလည်း စိုးရိမ်မကင်း ဖြ ဖြစ်ကြပါတယ်။ အဲဒီ ပြဿနာ်း သတ်မှတ်ချက် တချို့ က ပြောင်းပြန် သက်ရောက်မှု ရကောင်း ရတတ်တာကိုး။ အထူးသဖြင့် စီးပွါးရေး အရ ကုန်ရကျိုးနပ်၊ ထိရောက်မှု ပေါ် မှာ သက်ရောက်တတ်တာပေါ့။ ဒီလိုနဲ့ ပုဂ္ဂလိက ထုတ်လုပ်မှု ရဲ့ သဘောသဘာဝ အလျောက် ဖြစ်နေပြီး ဖြစ်တဲ့ စီးပွါးရေးအရ ကုန်ရကျိုးနပ် ထိရောက်ပုံ အကျိုး ကို ဆုံးရှုံးရပေတာပေါ့။ အစိုးရ က အစိုးရ ကျောင်း ဒါမှမဟုတ် ပုဂ္ဂလိက ကျောင်းတွေ မှာ ဘယ်ကျောင်းဖြစ်ဖြစ် သုံးလို့ ရမယ့် တစ်ခါသုံး ကျောင်းစားရိတ် လျှော့ လက်မှတ် ဒါမှမဟုတ် ဘောက်ချာ အစီအစဉ်တွေ (school voucher programs)[‡‡] ကို ဆွေးနွေးတဲ့အခါ၊ ပြောခဲ့တဲ့ စိုးရိမ်ချက်တွေ ကို ဆွေးနွေးခဲ့ကြပါတယ်။

## နိုင်ငံရေး ဖြစ်စဉ် (Political Process)

ဒီမိုကရေစီ မှာ ပြည်သူ့ ဘဏ္ဍာ အသုံးပြုတဲ့ အစီအစဉ်တွေ ကို ရေးဆွဲ ချမှတ်တဲ့အခါ၊ စီးပွါးရေး ဆိုတာ ဘယ်လို အလုပ်လုပ်နေတာလဲ ဆိုတဲ့ ယုံကြည်မှု အမျိုးမျိုး နဲ့ ရည်မှန်းချက် အမျိုးမျိုး ရှိကြတဲ့ အုပ်စုတွေ နဲ့ လူတွေ ပါဝင် ပတ်သက်နေပါတယ်။ နောက်ဆုံး ချမှတ်လိုက်တဲ့ အစီအစဉ် ဟာ အဲဒီ အမြင်အမျိုးမျိုး ကြား စေ့စပ်ထားချက် ကို ကိုယ်စားပြုတာပါ။ တစ်ဦးတစ်ယောက်သော လူ ရဲ့ အမြင်တွေ အတိုင်း ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။ တစ်ခုတည်းသော ရည်မှန်းချက် အစုံ (single set of objectives) နဲ့လည်း ကိုက်ချင် မှ ကိုက်ပေမှာပေါ့။ တို့စရာ အရည်စပ်တဲ့အခါ၊ ထည့်ဖို့ သင့်လျော်တဲ့ အရည်တွေ ကို .. ဥပမာ တစ်ယောက် က သံပုရာရည် ထည့်ချင်ပြီး အခြား တစ်ယောက် က မလိုင်လို ခပ်ပျစ်ပျစ် အရည်တစ်မျိုး ထည့်ချင်တယ် တာမျိုး အိုးသူကြီး ၂ ယောက် က သဘော မတူဘူး ဆိုတဲ့အခါ၊ တစ်ယောက် အကြိုက် နည်းနည်းစီ ထည့်မယ့် စေ့စပ် ဖြေရှင်းပုံမျိုးကတော့ ရလာဒ် တော်တော်ဆိုးဝါး မှာပါ။ ဟင်းချက် ပြင်ဆင်ရာမှာ ထားရှိကြတဲ့ ဘယ် ရည်မှန်းချက် နဲ့ မှလည်း မကိုက်ညီတဲ့ ရလာဒ်တွေ ရမှာပေါ့။

တစုံတရာသော သုံးစွဲမှု ဆိုင်ရာ အစီအစဉ်တစ်ရပ် ချမှတ်တဲ့အခါ လုပ်ခဲ့တဲ့ နိုင်ငံရေး ဖြစ်စဉ်အပေါ် လေ့လာချက်မျိုး မှာ အတွင်းသဘော ထိုးထွင်း သိမြင်နိုင်ခြေတွေ အကြောင်းများစွာကြောင့် ရှိနိုင်ပါတယ်။ ပထမ၊ ဘာကြောင့် အစီအစဉ် က လက်ရှိ ပုံဏ္ဍာန် မြင်နေရတယ် ဆိုတာ ကျွန်တော်တို့ နားလည်နိုင်ပါတယ်။ လယ်သမားတွေ ရဲ့ ဈေးနှုန်း ကို တည်ငြိမ်အောင် လုပ်တဲ့ အစိုးရ အစီအစဉ် ကို

---

[‡‡] ပညာရေး ထောက်ပံ့ကြေးလို့လည်း သိကြပါတယ်။ ရရှိတဲ့ ကျောင်းသား က အဲဒီ ဘောက်ချာ ကို ပိုက်ဆံအဖြစ် ကျောင်းလခ ပေးရာမှာ သုံးနိုင်တယ်။ ဥပမာ ဘောက်ချာ က ၂၀၀၀ တန်ရင်၊ တစ်နှစ် ကျောင်းလခ ၁၀၀၀၀ ကျရင် ကျောင်းသား မိဘ က ဘောက်ချာ + ၈၀၀၀ ပဲ ပေးလို့ လိုပါတယ်။ ကျောင်း က အစိုးရ ဆီ ကို အဲဒီ ဘောက်ချာတွေ တင်ပြပြီး ငွေပြန်ထုတ်ယူရပါတယ်။

စဉ်းစားကြည့်ရအောင်။  ဒီ အစီအစဉ် က ဈေးကွက် ကျဆုံးမှု ကို ကိုင်တွယ်တာပါ။  လယ်သမားတွေ ရင်ဆိုင်နေရတဲ့ အရေးကြီး ဆုံးရှုံးနိုင်ခြေတွေ နဲ့ ပတ်သက်ပြီး အာမခံ ရနိုင်တာ လယ်သမားတွေ အတွက် ဈေးကွက် မှာ မရှိပါဘူး။[§§]  ဈေးနှုန်းအမျိုးမျိုး ဖြစ်နိုင်တဲ့ အန္တရာယ် လည်း ပါတာပေ့ါ။ အဲဒါ က တစ်ခုတည်းသော ရည်မှန်းချက်  ဖြစ်တယ်ဆိုရင်၊ အလွန်ကွဲပြားစွာ အစီအစဉ် ကို ရေးဆွဲလို့ ရနိုင်ကြောင်း ဈေးနှုန်း တည်ငြိမ်ရေး အစီအစဉ် အပေါ် အနီးကပ် ကြည့်လိုက်တဲ့အခါ တွေ့ရပါတယ်။ လယ်သမားတွေ ဂရုစိုက်တာ က သူတို့ ရဲ့ ဝင်ငွေ ဆုံးရှုံးနိုင်မှု ပါ။  ဈေးနှုန်း အမျိုးမျိုး ဖြစ်တာသာမကဘဲ၊ အသားတင် ဝင်ငွေ ကို အဆုံးအဖြတ်ပေးမယ့် အကြောင်းအချက်အားလုံး အပေါ် ဂရုစိုက်တာ ဖြစ်ပါတယ်။  ဒီ အကြောင်းအချက်တွေ ထဲမှာ ထွက်နှုန်း နဲ့ စားရိတ်တွေလည်း ပါပေတာပေ့ါ။  တချို့ ကိစ္စတွေ မှာတော့ ဈေးနှုန်း တည်ငြိမ်ရေး အစီအစဉ်ကြောင့် ကို ဝင်ငွေ အမျိုးမျိုး ဖြစ်သွားနိုင်ပါတယ်။  တကယ်တော့ ဆုံးရှုံးနိုင်ခြေ ကို လျှော့ချတာ က တကယ့် ရည်မှန်းချက် ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။  တကယ့် ရည်မှန်းချက် ကျန်လူဦးရေ ဆီ က အရင်းအမြစ်တချို့ (ဝင်ငွေ) ကို လယ်သမားတွေ ဆီ လွှဲပေးလိုတာ ဖြစ်နိုင်ပါတယ်။ တကယ်လို့ ဒါ က ရည်မှန်းချက် ဖြစ်တယ်ဆိုရင်၊ လယ်သမားတွေ ဆီ အရင်းအမြစ်တွေ လွှဲပေးနိုင်တဲ့ ကုန်ရကျိုးနပ်ထိရောက်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်။  ဒါပေမဲ့ အဲဒီ ရည်မှန်းချက် ကို မြင် သွားမယ်ဆိုရင်၊ .. လွှဲတာ က သိသိသာသာကြီး ဖြစ်သွားမယ်ဆိုရင် .. အဲဒီ အစီအစဉ် အနေနဲ့ အတည်ပြုချက် ရချင် မှ ရနိုင်မှာပါ။ မြို့ပြ ဒေသ မဲဆန္ဒရှင်တွေ က အားကောင်းကောင်း နဲ့ ဆန့်ကျင်ကြပေမှာပေ့ါ။  ဒါပေမဲ့ လွှဲပြောင်းပုံ သဘောသဘာဝ ကို ပြည့်ပြည့်ဝဝ သတိ မထားမိတာကြောင့် ကုန်ရကျိုး မနပ်၊ မထိရောက်တဲ့ လက်ရှိ ထောက်ပံ့ပုံ အစီအစဉ် ကိုတော့ မဆန့်ကျင်ကြပါဘူး။

မျှတမှု အပေါ် မြင်ပုံ အမျိုးမျိုး ရှိပြီး၊ တိုးအခက် ဆုတ်အခက် အဖြစ်မျိုးတွေ ကိုလည်း ဒီ ဥပမာ က မီးမောင်းထိုး ပြလိုက်ပါတယ်။  သူတို့ ရတာ က သူတို့ ဟာ ဖြစ်ပြီး အဲဒါ ကို အစိုးရ က ယူပစ်လိုက်တာ က မမျှတဘူးလို့ တချို့ က ယုံကြည်ကြပါတယ်။  အခြားသူတွေ ဆီ က အကူအညီ မပါဘဲ၊ ဒီနေ့ သူတို့ ရောက်နေတဲ့ နေရာ ကို ဘယ်သူ မှ ရောက်နိုင်မှာ မဟုတ်ဘူး လို့ အကျိုးအကြောင်းသင့် တခြားသူတွေ ကလည်း အသိအမှတ် ပြုကြပါတယ်။ တရားဥပဒေ စိုးမိုးရေး အပါအဝင်၊ အစိုးရ ရဲ့ ဝန်ဆောင်မှု အမျိုးမျိုး အပေါ်မှာ ကျွန်တော်တို့ အားလုံး မှီခိုနေရတာ မဟုတ်လား။  တရားဥပဒေ စိုးမိုးမှု မရှိဘဲ နဲ့ စီးပွါးရေး လုပ်ငန်းတွေ မထွန်းကားနိုင်ပါဘူး။  ဒီ ရှုမြင်ပုံ ကွဲပြားမှုတွေ .. နဲ့ တခြား အုပ်စု ရဲ့ ရှုမြင်ပုံ ကို နားမလည်နိုင်တဲ့ အုပ်စု အသီးသီး ရဲ့ အခက်အခဲတွေ .. ဟာ ကိစ္စ အမျိုးမျိုး မှာ နိုင်ငံရေး အရ သဘောတူမျှနိုင်ဖို့ အဓိက အခက်အခဲ ဖြစ်ပါတယ်။

---

[§§] ဈေးနှုန်း အမျိုးမျိုး နဲ့ တွဲနေတဲ့ အချို့သော ဆုံးရှုံးနိုင်ခြေတွေ ကို လယ်သမားတွေ က Futures Markets တွေ မှာ လွှဲပြောင်း မြှုပ်နှံနိုင်ပါတယ်။

အစိုးရ ရဲ့ တစုံတရာသော ထောက်ပံ့မှုတွေ က တစ်နိုင်ငံလုံး လူဦးရေထဲ က တစုံတရာသော အုပ်စု အတွက် ပေ၄ပုံ အားကောင်းကောင်း သက်ရောက်မှု ရှိနိုင်ဖွယ် ရှိပါတယ်။ တကယ်လို့ အုပ်စုတစ်စု က သင့်တင့်လျောက်ပတ်စွာ စုဖွဲ့ထားနိုင်တယ်ဆိုရင် သူ့ အကျိုးဖြစ်စေမယ့် ထောက်ပံ့ပုံ နဲ့ သတ်မှတ် ပြဌာန်းချက်တွေ ကို ချမှတ်နိုင်မယ့် နိုင်ငံရေး ဖြစ်စဉ်တစ်ရပ် ကို ဖြတ်သန်းအောင် ဆွဲဆောင်နိုင်ပါတယ်။ အခန်း ၆ မှာ ကျောက်မီးသွေးမီး က ထွက်လာတဲ့ မီးခိုး မှိုင်းတွေ ကို တိုက်ချွတ်ပေးရမယ့် ပြဌာန်းသတ်မှတ်ချက် အကြောင်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီ ပြဌာန်း သတ်မှတ်ချက်တွေ က ကျောက်မီးသွေး အမာ*** နဲ့ ကတ္တရာ လို ပစ္စည်း ဘီတူမင် ပါတဲ့ ဘီတူမီနပ်စ် ကျောက်မီးသွေး တွေ ရဲ့ ဂယ်လိုအား အပေါ် ကြီးကြီးမားမား သက်ရောက်ခဲ့ပေတာပေါ့။ ဒီလိုနဲ့ တိုင်းပြည် ရဲ့ နေရာ အမျိုးမျိုး က ကျောက်မီးသွေး ထုတ်လုပ်သူတွေ နဲ့ မိုင်းသမားတွေ ရဲ့ ဝင်ငွေ အပေါ် ကို သက်ရောက်ခဲ့ပါတယ်။ ဒီလို တစ်ခုလုံး စီးပွါးရေး သဘောအရ ထိရောက်မှု နဲ့ ပေ၄ပုံ အကျိုးဆက် စဉ်းစားချက်တွေ က သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေ ချမှတ်ပုံ နဲ့ နည်းဥပဒေ ပြဌာန်းချက်တွေ ရဲ့ ပုံ ကို ဖော်ပေးခဲ့ကြတာပါ။

အစိုးရ သုံးစွဲမှု အစီအစဉ်တစ်ရပ် ချမှတ်တဲ့ ဖြစ်စဉ် ကို လေ့လာချက် က အထောက်အကူပြုနိုင်တဲ့ ဒုတိယ အကြောင်း ကတော့ ဒီမိုကရေစီ စနစ် မှာ အစီအစဉ်တွေ က မဲဆန္ဒရှင်တွေ ရဲ့ သိမြင်ပုံ နဲ့ ဆန္ဒတွေ ကို အနည်းဆုံး အစိတ်အပိုင်း တစ်ရပ်အားဖြင့် တုံ့ပြန်ထားရတာကြောင့် ပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အစီအစဉ်တွေ ကို မဲဆန္ဒရှင်တွေ ရှင်းပြပြီး လက်ခံအောင် "ရောင်း" ရတာကြောင့် ရိုးရှင်းအောင် လုပ်ရပါတယ်။ အဲဒီလို ရိုးရှင်းအောင် လုပ်ရတဲ့ အတွက် ပေးလိုက်ရတာတွေလည်း ရှိပါတယ်။ စီးပွါးရေး ပညာရှင်တွေ က ဘယ်လို ရေးဆွဲ၊ ဘယ်လို ဒီဇိုင်း ဖြစ်သင့်တယ် လို့ မြင်တဲ့ နည်းလမ်း နဲ့ ကွဲပြားစွာပဲ၊ အစီအစဉ်တွေ ကို မြင်ကြရမှာပါ။ ဘာကြောင့်လဲ ဆိုတော့ တကယ့် သက်ရောက်မှု အဖြစ် - true incidence (စီးပွါးရေး ပညာရှင်တွေ ပြောတဲ့ ခုတ်ရာ တခြား ရှရာ တခြား သက်ရောက်မှု - ဘာသာပြန်သူ) ကို မဲဆန္ဒရှင်တွေ က နားမလည်နိုင်ကြပါဘူး။ ဥပမာ အားဖြင့်၊ လူမှုဖူလုံရေး စားရိတ် တစ်ဝက် ကို လုပ်ငန်းရှင် က ပေးတယ်လို့ မဲဆန္ဒရှင် အများစု က ယုံကြည်ကြပါတယ်။ တကယ်လို့ အလုပ်သမားတွေ က လူမှုဖူလုံရေး စားရိတ် ကို ပေးမယ်ဆိုရင်လည်း တကယ့်အဖြစ် ကတော့ အတူတူပဲ လို့ စီးပွါးရေး ပညာရှင် အများစု က ယုံကြည်ကြတာပါ။ ဒီ ကိစ္စ မှာ ဖြစ်ပွါးပုံ (incidence) အပေါ် နားလည်မှု ရှုပ်ထွေးသွားတာ ရဲ့ အကျိုးဆက် အနည်းအကျဉ်းပဲ ရှိပါတယ်။ ဒါပေမဲ့ တခြား အစီအစဉ် တော်တော်များများ မှာတော့ အဲဒီလို နားလည်ရတာ ခက်ခဲတာကြောင့် အရေးပါတဲ့ သက်ရောက်မှုတွေ ရှိလာပါတယ်။ လာမယ့် အခန်းတွေ မှာ တွေ့ကြရမှာပါ။

အဲဒီလို တန်းတူ အရေးကြီးတာကတော့ နိုင်ငံရေး ဖြစ်စဉ် ကို အထူး အကျိုးစီးပွါးတွေ (special interests) က ပုံလောင်းပေးတယ် ဆိုတာပါပဲ။ ထွက်ပေါ်လာတဲ့ အစီအစဉ်တွေ က အဲဒီ အထူးအကျိုးစီးပွါးတွေ ကို

*** Anthracite ကျောက်မီးသွေး ၄ မျိုး ထဲ က တစ်မျိုး ဖြစ်ပါတယ်။ ယေဘူယျအားဖြင့် ကျောက်မီးသွေး အမာလို့ ပြောကြပါတယ်။ - ဘာသာပြန်သူ

ထင်ဟပ်နေတတ်ပါတယ်။ အဲဒီ အစီအစဉ်တွေ လုပ်ထိုက်တယ်လို့ ပေးတဲ့ ဆင်ခြေလေလုံးတွေ ထက် ပိုပြီး အထူး အကျိုးစီးပွါးတွေ ကို ထင်ဟပ်နေတာပါ။ အမေရိကန် ရဲ့ လယ်ယာ အစီအစဉ်တွေ ကို စောစော က ဆွေးနွေးခဲ့ပါတယ်။ အဲဒီ အစီအစဉ်တွေ ဟာ ဆင်းရဲတဲ့ လယ်သမား မိသားစုတွေ ကို အကူအညီပေးတာ ဖြ ဖြစ်တယ်လို့ မကြာခဏ လုပ်ထိုက်ကြောင်း ဆင်ခြေပေးလေ့ ရှိကြတာပေ့ါ။ ဒါပေမဲ့ အဲဒီ အစီအစဉ်တွေ ဒီဇိုင်း ရေးဆွဲပုံ နည်းလမ်းကြောင့် ထောက်ပံ့မှု အများစု က လယ်ယာ အကြီးစားကြီးတွေဆီ ရောက်သွားတာပါ။ အဲဒီ လယ်ယာ တော်တော်များများ က မိသားစုပိုင် လယ်ယာတွေ မဟုတ်ဘဲ၊ ကော်ပိုရေးရှင်းတွေ ပိုင်တဲ့ လယ်ယာတွေ ဖြစ်ကြပါတယ်။ အစီအစဉ်တွေ ကို ပြန်လည် ရေးဆွဲပြီး၊ သေးငယ်တဲ့ မိသားစု လယ်ယာတွေ ငွေတွေ ပို ရအောင် ပစ်မှတ်ထား ရည်ရွယ် လုပ်နိုင်ပါတယ်။ ဒါပေမဲ့ အတည်ပြု လက်ခံလာနိုင်အောင် အဲဒီ ပြုပြင်ပြောင်းလဲရေးတွေ အနေနဲ့ နိုင်ငံရေး ထောက်ခံမှု ရဖွယ် မရှိပါဘူး။

တကယ်တော့ အထူးအကျိုးစီးပွါး အုပ်စုတွေ ဟာ သူတို့ ရဲ့ အရေးအတွက် တခြားသူတွေကိုလည်း စာရင်း တို့ ထားတတ်ကြတာပါ။ အဲဒီ တခြားသူတွေ က တကယ့် အကျိုးခံစားရမှာ ဖြစ်တယ်လို့ ဆွဲဆောင် စည်းရုံးတတ်ကြပါတယ်။ စံတင်လောက်တဲ့ ဥပမာကတော့ ပြောင်းဖူး အီသနော ထောက်ပံ့မှု ပါပဲ။ ကြီးမားလှတဲ့ လယ်ယာ စီးပွါးရေး ကုမ္ပဏီ Archer Daniels Midland (ADM အေဒီအမ်) အပါအဝင်၊ အီသနော ထုတ်လုပ်သူတွေ ကို အဓိကအားဖြင့် အကျိုးဖြစ်ထွန်းစေတဲ့ အစီအစဉ်ပေ့ါ။ ပြောင်းဖူး စိုက် တောင်သူတွေ ကို သူတို့ပဲ အကျိုးခံစားရသူတွေ ဖြစ်မှာ လို့ အေဒီအမ် က အယုံသွင်းခဲ့ပါတယ်။ တောင်သူတွေ ရဲ့ ထောက်ခံမှု နဲ့ စားရိတ်စားခ ကြီးမားလှတဲ့ ထောက်ပံ့မှု က ၁၉၇၈ မှာ စခဲ့တာပါ။ တကယ်တော့ အီသနော ရဲ့ အစောပိုင်း ရက်တွေ မှာ ပြောင်းဖူး ကို သုံးတာ က အလွန် ကို နည်းတာမို့ ပြောင်းဖူးဈေး နဲ့ ထုတ်လုပ်သူတွေ အပေါ် သက်ရောက်မှု က ပြောလောက်အောင် ကို မရှိခဲ့ပါဘူး။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး သမားတွေကိုလည်း ဒါ ဟာ ပတ်ဝန်းကျင် အတွက်လည်း ကောင်းတယ်လို့ ယုံကြည်လက်ခံအောင် ကြိုးစားခဲ့ပါသေးရဲ့။ ဒါပေမဲ့ သူတို့ ကိုတော့ လွယ်လွယ်ကူကူ နဲ့ လှည့်စားလို့ မရခဲ့ပါဘူး။ လုပ်ငန်းသစ် စရာမှာ လုံလုံလောက်လောက် ကူညီနိုင်အောင် ထောက်ပံ့မှု ကို ရေတို အဖြစ် ချမှတ်ခဲ့တာပါ။ ဒါပေမဲ့ ၂၀၁၁ နှစ်ကုန် မှာ ဖျက်ပစ်လိုက်တဲ့ အထိ နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပါတယ်။

အစီအစဉ်တစ်ရပ် ရေးဆွဲပုံ ဟာ နိုင်ငံရေး ဖိအား ဒါမှမဟုတ် အကျင့်ပျက် ခြစားမှု တစုံတရာ အတိုင်း အဆ အထိ ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှု ရှိနိုင်ပါတယ်။ နိုင်ငံတော်တော်များများ မှာ အကျင့်ပျက် ခြစားမှု ကို တိုးတိုး စိုးရိမ်လာနေပါတယ်။ ဒါ က ပုံစံမျိုးစုံ နဲ့ လာနိုင်တာပေ့ါ။ ခေတ်သစ် ဒီမိုကရေစီ မှာတော့ အထူးအကျိုးစီးပွါး အုပ်စုတွေ က မဲဆွဲစည်းရုံးရေး ရံပုံငွေ ထည့်ကြပါတယ်။ သူတို့ လိုချင်သလို ဥပဒေ ပြုပေးနိုင်အောင် "ဝယ်" ဖို့ ကြိုးစားကြတာပါ။ တိုင်းပြည်တော်တော်များများ မှာ ပြည်သူ့ဝန်ထမ်း အရာရှိတွေ က သူတို့ သဘောကျ ဆုံးဖြတ်နိုင်ခွင့် အာဏာ ကို လာဘ်လာဘ နဲ့ အပေးအယူ လုပ်ကြပါတယ်။ နယူးယောက် မြို့တော် မှာ အဆောက်အဦ စစ်ဆေးတဲ့ အင်စပက်တော် တွေ ကို လာဘ်ပေးကြတဲ့ အစီရင်ခံချက်တွေ အများကြီး ရှိပါတယ်။ စံမမီ အဆောက်အဦ အတွက် အတည်ပြုချက် ရအောင် ပေးရတာ

ထက် (ဆောက်လုပ်ရေး အချိန်ဇယား မှာ ပျက်ယွင်းတာတွေ ဖြစ်သွားရင် ကုန်ကျရမယ့် စားရိတ်စားခတွေ မရှိအောင်) အဆောက်အဦ ကို အချိန်မီ လာစစ်ပေးဖို့ ပေးကြရတာ များပါတယ်။ သူ့သဘော နဲ့ သူ ဆုံးဖြတ်နိုင်ခွင့် အာဏာ အရာရှိတွေ မှာ ရှိနေလေ၊ နိုင်ငံရေး ဩဇာ အသုံးပြုမှု နဲ့ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ များလေပါ။

မတူကွဲပြားတဲ့ မူဂါဒတွေ ကို ချင့်တွက် အဖိုးဖြတ်တဲ့အခါ၊ နိုင်ငံရေး ဖြစ်စဉ် ကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဒီ အစီအစဉ်တွေ ကို အစိုးရ အရာရှိတွေ ကပဲ အုပ်ချုပ် စီမံမှာ ဖြစ်ပြီး၊ အဲဒီလို စီမံအုပ်ချုပ် ရာမှာလည်း တခြား အစီအစဉ်တွေ နဲ့ မတူတာ မဟုတ်ဘဲ၊ မက်လုံးကလည်း ဒီ အတိုင်းဖြစ်မှာပဲ ဆိုတာ ကို သိနေတာကြောင့် ဥပဒေ က ဘယ်လို ပုံ နဲ့ ထွက်လာမလဲ ဆိုတာ နဲ့ အစီအစဉ် ရဲ့ အကျိုးဆက် ဘာဖြစ်လာမလဲ ဆိုတာတွေ က နိုင်ငံရေး ဖြစ်စဉ် အပေါ် မူတည်ပါတယ်။

## အကျဉ်းချုပ်

ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲမှု ကို ပိုင်းခြားဆန်းစစ်ရာမှာ အဓိက ၁၀ ချက် ရှိပါတယ်။

၁။ လိုအပ်မှု ကို ဖော်ထုတ် သတ်မှတ်ပါ။ အစိုးရ အစီအစဉ်အတွက် ဂယ်လိုအား အရင်းအမြစ် ကို ဖော်ထုတ် သတ်မှတ်ပါ။

၂။ (ရှိခဲ့တယ် ဆိုရင်) ဈေးကွက် ကျဆုံးမှု ကို သတ်မှတ်ဖော်ထုတ်ပါ။ ဘာ က ပြဿနာ ဖြစ်နိုင်သလဲ ဆိုတာ က ဂင်ငွေ ဝေငှပုံ အကျိုးဆက် ဒါမှမဟုတ် merit good ကို ပေးရာ မှာ သေချာအောင် ကြည့်ပါ။

၃။ ထင်မြင်ရတဲ့ ပြဿနာတွေ ကို ကိုင်တွယ်ရာမှာ တမျိုးတဖုံ အားဖြင့် ကွဲပြားနေတဲ့ ဖြေရှင်းပုံ အစီအစဉ်တွေ ကို ဖော်ထုတ်ပါ။

၄။ မတူကွဲပြားတဲ့ အစီအစဉ်တွေ ရဲ့ သက်ရောက်မှု ကို ချင့်တွက် အကဲဖြတ်ရာမှာ နဲ့ သေချာ စိစစ်လေ့လာရာမှာ ရေးဆွဲထားပုံ သွင်ပြင်လက္ခဏာတွေ (design features) ရဲ့ အရေးပါပုံ ကို အာရုံစိုက်ပါ။

၅။ ပုဂ္ဂလိက ကဏ္ဍ က တုံ့ပြန်ပုံ ကို ဖော်ထုတ် သတ်မှတ်ပါ။

၆။ မတူကွဲပြားတဲ့ အစီအစဉ် တစ်ရပ်ချင်းစီ ရဲ့ ကုန်ရကျိုးနပ် ထိရောက်မှု အကျိုးဆက် ကို ဖော်ထုတ် သတ်မှတ်ပါ။

၇။ မတူကွဲပြားတဲ့ အစီအစဉ် တစ်ရပ်ချင်းစီ ရဲ့ ဝေငှပုံ အကျိုးဆက် ကို ဖော်ထုတ် သတ်မှတ်ပါ။

၈။ မျှတရေး နဲ့ ကုန်ရကျိုးနပ် ထိရောက်မှု စဉ်းစားပုံ ၂ ခုအကြား အလျှော့အတင်း၊ အပေးအယူ လုပ်ရမှာတွေ ကို ဖော်ထုတ်သတ်မှတ်ပါ။

၉။ အစိုးရ မူဝါဒ ရည်မှန်းချက်တွေ ကို မတူကွဲပြားတဲ့ အစီအစဉ် တစ်ခုချင်းစီ က ပေါက်မပေါက် ဖော်ထုတ် သတ်မှတ်ပါ။

၁၀။ အစိုးရ အစီအစဉ်တွေ ရေးဆွဲတာ နဲ့ အကောင်အထည်ဖော်တာ အပေါ် နိုင်ငံရေး ဖြစ်စဉ် က ဘယ်လို သက်ရောက်နိုင်တယ် ဆိုတာ ဖော်ထုတ် သတ်မှတ်ပါ။